# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၅) ရက် ၊ သောကြာနေ့ ၊ (17-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



Terminal များတွင် ဆီတင်ယာဉ် Bowser များ ဆီဖြည့်နေမှုကို တွေ့ရစဉ်။

## ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီပို့ဆောင်ဖြန့်ဖြူးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန် သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိပြီး စက်သုံးဆီများဖြည့်တင်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal၊ Brighter Energy Terminal၊ PSW Terminal၊ Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal တို့မှ နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

**စာမျက်နှာ ၁၆ ကော်လံ ၁**

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၃ ခုနှစ်) ပြဋ္ဌာန်း**

*စာမျက်နှာ - ၁၈*

## ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်

### မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

ယခုလတ်တလောကာလတွင် အများပြည်သူအကျိုးစီးပွားပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ဖြန့်ဝေလျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါလူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် ဖြန့်ဝေနေသော ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာဖြစ်ကြပါသည်။ အလားတူ အချို့ပုဂ္ဂလိကဘဏ်များတွင် ဝန်ထမ်းများကို လစာများကြိုတင်ထုတ်ပေးကြောင်း သတင်းများသည်လည်း သတင်းမှားများဖြစ်ကြပါသည်။

ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲအသီးသီးတွင် Core Banking System စနစ်အရ အများပြည်သူအပ်နှံငွေစာရင်းအချက်အလက်များကို အဆင်ပြေချောမွေ့စွာသိရှိနိုင်သဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၄**




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ရာသီတုပ်ကွေးရောဂါ သတိပြုကာကွယ်ပါ

ကမ္ဘာပေါ်၌ ကူးစက်ပျံ့နှံ့မှုအမြန်ဆုံးနှင့် အဖြစ်အများဆုံးရောဂါများတွင် ရာသီတုပ်ကွေးရောဂါလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မိုးအကုန် ဆောင်းအကူးကာလတွင် ဖြစ်ပွားတတ်သည့် ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါပိုးရပ်ပိုး **(Influenza)** ကြောင့် ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ထို့ကြောင့် ရာသီတုပ်ကွေးရောဂါမဖြစ်စေရန် သတိပြုကာကွယ်ကြရမည်ဖြစ်ပေသည်။

ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်း စသည်တို့သည် ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်သည်။ လူအများစုက အိမ်တွင်ပင် သာမန်အကိုက်အခဲပျောက်ဆေးသောက်၍ ရောဂါကို ကုသတတ်ကြသော်လည်း တော်တော်နှင့် မပျောက်နိုင်ဘဲ ရောဂါပြင်းမှသာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကြသည်။ အမှန်စင်စစ် တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်သည်။ ထို့ကြောင့် ကာကွယ်ဆေးကြိုတင်ထိုးနှံထားသင့်ပေသည်။

ကိုယ်ခံအားကောင်းသူ၊ ကြိုတင်ကာကွယ်ဆေးထိုးနှံထားသူများသည် ရာသီတုပ်ကွေးဖျားနာခြင်းကြောင့် အသက်အန္တရာယ်မစိုးရိမ်ရသော်လည်း အဖျားပျောက်ပြီး ချောင်းဆိုးကျန်ကာ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိလူများကို မကူးစက်စေရန် သတိပြုကြရမည်ဖြစ်ပေသည်။ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ပန်းဂေါ်ဖီစိမ်းများ စားသုံးပေးခြင်း၊ လိမ္မော်သီး၊ သံပရာသီးတို့ကို ဖျော်ရည်အဖြစ်လည်းကောင်း၊ လိမ္မော်ခွံ၊ သံပရာခွံတို့ကို ရေနွေးစိမ်၍လည်းကောင်း သောက်ပေးခြင်းဖြင့် တုပ်ကွေးဖျားနာခြင်းမှ ကြိုတင်ကာကွယ်နိုင်ပေသည်။

ရာသီတုပ်ကွေးရောဂါသည် ရာသီအကူးအပြောင်းကာလများ၌ ဖြစ်ပွားတတ်သောရောဂါတစ်မျိုးဖြစ်သည်။ ရာသီတုပ်ကွေးဖြစ်လျှင် လည်ချောင်းနာခြင်း၊ ချမ်းတုန်ခြင်း၊ မျက်စိနီခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်ပေါ်စေသည်။ ရာသီတုပ်ကွေးရောဂါသည် ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ကိုယ်လုံးအဆစ်အမျက်ကိုက်ခဲခြင်း စသည်တို့ဖြစ်ပေါ်စေသည်။ သွေးစစ်ကြည့်ရာတွင် သွေးထဲ၌ ပိုးရပ်ပိုးဝင်သောလက္ခဏာမျိုးတွေ့ရသော်လည်း အဆုတ်ထိခိုက်မှုမရှိပေ။ ကိုယ်ခံအားကောင်းပါက သုံးရက်၊ ငါးရက်အကြာတွင် ရောဂါပျောက်ကင်းနိုင်ပေသည်။

ရာသီတုပ်ကွေးရောဂါရှိသူတစ်ဦးအနေဖြင့် မိမိ၌ဖြစ်ပွားနေသော တုပ်ကွေးရောဂါကို ပတ်ဝန်းကျင်နှင့် မိမိ မိသားစုတွင် ကူးစက်မှုမဖြစ်စေရန် နှာချေ၊ ချောင်းဆိုးပါက တစ်သျှူး သို့မဟုတ် လက်ကိုင်ပဝါအသုံးပြုကြရမည်ဖြစ်သည်။ ထို့ပြင် မိမိအသုံးပြုပြီးသော တစ်သျှူး၊ လက်ကိုင်ပဝါတို့ကိုလည်း စနစ်တကျ စွန့်ပစ်မှသာ ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရာသီတုပ်ကွေးရောဂါသည် မိုးအကုန် ဆောင်းအကူးကာလများ၌ ရောဂါပိုးရပ်ပိုးသည် လူတစ်ဦးမှ တစ်ဦးသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သည်။ ထို့ကြောင့် ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးကို ကြိုတင်ထိုးနှံခြင်းဖြင့် ရောဂါဖြစ်နိုင်ခြေအလားအလာ လျော့ကျသွားစေမည်ဖြစ်သကဲ့သို့ အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ စားသုံးပေးခြင်းဖြင့်လည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မင်းကွန်း-မန္တလေး-လက်ဆောင်ယူ ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ စိုက်ထူပြသမည်



**မန္တလေး နိုဝင်ဘာ ၁၆**

ဧရာဝတီမြစ် မင်းကွန်း-မန္တလေး- လက်ဆောင်ယူ ရေလမ်းကြောင်းတစ်လျှောက်တွင် နိုဝင်ဘာလ တတိယပတ်အတွင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မင်းကွန်း-မန္တလေး-လက်ဆောင်ယူ ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် နိုဝင်ဘာလ တတိယပတ်အတွင်း ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀ စုစုပေါင်းရေလမ်းညွှန်အမှတ်အသားအခုရေ ၄၀ ကို စိုက်ထူပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေများချိန်ကာလက ရာသီဥတုအပြောင်းအလဲတွေနဲ့ မြစ်ရေတိုက်စားမှုတွေကြောင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ အရင်ကစိုက်ထူပြသပေးတဲ့ ရေလမ်းညွှန်အမှတ်အသားတွေ ပျက်စီးမှုအနည်းငယ်ရှိခဲ့တယ်။ ဒါကြောင့် အခု ပြန်လည်စိုက်ထူပေးသွားမှာဖြစ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မင်းကွန်း-မန္တလေး-လက်ဆောင်ယူ ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့်ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့်လည်း အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၆**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေး ဈေးကွက်အတွင်း ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲကြီးကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှု များပြားလျက်ရှိကြောင်း၊ ထိုသို့ ပဲကြီးကို ကုန်သည်များ ဝယ်ယူမှုများလျက်ရှိခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"ပဲကြီးက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲကြီးအရောင်းအဝယ်က ပြန်ပြီးကောင်းလာတယ်။ ရန်ကုန်နဲ့ မန္တလေးအပြင် အခြားမြို့တွေမှာလဲ ပဲကြီးအရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ပဲကြီး အရောင်းအဝယ်ကောင်းလာခြင်းကြောင့် နိုဝင်ဘာ ၁၅ ရက်တွင် ပဲကြီးဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၉၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ပဲကြီးကို အများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဩဂုတ်လ၊ စက်တင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတို့တွင် ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။

ပြည်ပသို့ ပဲကြီးအများဆုံး တင်ပို့ရသည့် နိုင်ငံများမှာ ဂျပန်၊ မလေးရှား၊ ကာတာ၊ ယူနိုက်တက်ကင်းဒမ်း၊ တရုတ် စသည့်နိုင်ငံတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးကားဈေးကွက်တွင် အရောင်းအဝယ် အေးနေပြီး ညာမောင်းကားများမှာ ဈေးနှုန်းများ ကျဆင်းလာကာ ငွေကျပ်သိန်း ၂၅၀ ခန့်ကားများ အရောင်းအဝယ်ဖြစ်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပြည်တွင်းတပ်ဆင်ထုတ်လုပ်ထားသည့် SKD (Semi Knocked Down) ကားများလည်း ဈေးနှုန်းကျဆင်းလာပြီး ငွေကျပ်သိန်း ၁၀၀၀ အောက်၌ ပုံမှန် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြားကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၉၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၇၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် ၁၃၅ သိန်း၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့် အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် Click (ပုံပြောင်း) ဒလက် ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅သောင်းမှ ၃၅ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၀ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၇ သိန်း ၊ Scoopy iဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၈ သိန်းမှ ၂၃ သိန်း ၅ သောင်း ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် နန်းတော်ကုန်း-ရေပေါ်ကြီး-ပုဂံစစ်ကျေးရွာချင်းဆက်လမ်း၌ ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် နန်းတော်ကုန်း-ရေပေါ်ကြီး-ပုဂံစစ်ကျေးရွာချင်းဆက်လမ်းတွင် ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေစင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ နန်းတော်ကုန်း-ရေပေါ်ကြီး-ပုဂံစစ်ကျေးရွာချင်းဆက်လမ်းတွင် ရေကျော်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေစင်ဦးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မင်းဘူးမြို့နယ် နန်းတော်ကုန်း-ရေပေါ်ကြီး-ပုဂံစစ် ကျေးရွာချင်းဆက်လမ်းတွင် အရှည်ပေ ၁၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၇၉ ဒသမ ၈ သန်းဖြင့် ဦးထိပ်ပန်ကုမ္ပဏီက ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေစင်ဦးက ပြောပြ၍ သိရသည်။ **စင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးစင်မောင်ထွန်း-ဒေါ်စင်ဝင်းကျော်၊ သား-ကိုဝင်းမင်းထွန်း-မစင်မေသူအောင်၊ သမီး-မသင်းသစင်၊ မြေး-မောင်လင်းကောင်းစေတ် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်စင်တို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၇၁၈၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၇၁၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၇၀၄၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၁၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဆီထွက်သီးနှံ ၄၇၀၄၅ ဧကစိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ၄၇၁၈၅ ဧက စိုက်ပျိုးပြီးစီးပါပြီ။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၂၆၁၀၅ ဧက၊ နှမ်းဧက ၁၉၀၅၀၊ နေကြာဧက ၂၀၃၀ စုစုပေါင်း ၄၇၁၈၅ ဧကဖြစ်ကြောင်း၊ မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြေပဲဧက ၂၅၉၈၀၊ နှမ်းဧက ၁၉၀၅၀၊ နေကြာ ၂၀၁၅ ဧက စုစုပေါင်း ၄၇၀၄၅ ဧကဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် သံပုရာကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံပုရာကွင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ပြည်ဖြိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အသင်းသားများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက သံပုရာကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀ ဒသမ ၀၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# စဉ့်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ညောင်ပင်ကြီးကျေးရွာအုပ်စု ကင်းလပ်ကျေးရွာ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဉ့်ကိုင်မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကင်းလပ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၂ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၈၃၂ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၄ ဒသမ ၈၃၂ သန်းအသုံးပြု၍ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်းရန်ပုံငွေကျပ် သုံးသန်းဖြင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာကော်မတီဝင်များနှင့် တာဝန်ရှိသူများကိုဆွေးနွေးမှာကြားသည်။

စဉ့်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# စာရေးဆရာ၊ ဆရာမဖြစ်ချင်ကြသူများအတွက် လက်ဆောင်မွန်

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**“နိုင်ငံရေးသုခမိန်သည် နိုင်ငံတစ်နိုင်ငံကိုသာ တည်ထောင်နိုင်စွမ်းရှိသော်လည်း စာပေသုခမိန်သည် ကား နိုင်ငံပေါင်းများစွာကို တည်ထောင်ဖန်တီးနိုင်စွမ်းရှိသည်”**

**(ကမ္ဘာ့နိုင်ငံရေးသုခမိန်ကြီးတစ်ဦး)**

**“နိုင်ငံရေးသည် စာပေ၏စွမ်းအင်များမှ အမြတ်များစွာထုတ်ယူနိုင်သည်။ စာပေလေးနက်ထက်မြက်လေလေ နိုင်ငံအတွက်အကျိုးရှိလေလေဖြစ်၍ စာရေးဆရာများ၏ကျေးဇူးကြီးမားလှပါသည်”**

**(အနောက်ဂျာမန်ဝန်ကြီးချုပ် ဝီလီဘရန့်)(၁၉၇၁)**

စာဆိုတော်နေ့ဝန်းကျင်ရောက်လာတော့ စာရေးဆရာကြီးတွေရဲ့ ဂုဏ်ကျေးဇူးအထူးထူးကို ဖော်ကျူးဂုဏ်ပြုအမွှမ်းတင်ကြလေ့ရှိပါတယ်။

အဲဒီလို ဂုဏ်ပြုအမွှမ်းတင်ကြရင်းက စာရေးဆရာ၊ ဆရာမဖြစ်လိုကြတဲ့ စာပေမျိုးဆက်သစ်ကလေးတွေကလဲ စာပေစားကျက် ရေးကွက်နေရာကလဲ ရှားပါးလာတော့ အခက်တွေ့နေကြရပါတယ်။ ဖြစ်နိုင်ရင် စာရေးနည်းသင်တန်းတွေ တက်ချင်နေကြတယ်။ စာရေးနည်းသင်တန်းဖွင့်လှစ်ပေးပါလို့လဲ တောင်းဆိုလာခဲ့ကြပါတယ်။

ဒီနေရာမှာ “စာရေးဆရာဖြစ်ဖို့ စာရေးနည်းသင်တန်းတက်ရုံနဲ့ ဖြစ်နိုင်ပါ့မလား”လို့ မေးကြ၊ ဆွေးနွေးကြသူတွေလဲ ရှိကြပါတယ်။

ဒီလိုမေးမြန်းဆွေးနွေးကြသူတွေကို ကျွန်တော်ကတော့ **“ဆရာသော်တာဆွေ”** ရေးသားထားတဲ့ **“ဝတ္ထုရေးနည်း ခတ်ကောင်းမွေးနည်း”** စာအုပ်ထဲက ဆရာသော်တာဆွေရဲ့ ကိုယ်တွေ့နဲ့ပဲ ဖြေကြားပေးနေခဲ့ပါတယ်။

၁၉၆၃ ခုနှစ်က ဆရာသော်တာဆွေနဲ့အတူ ဆရာသာဂဒိုး၊ ဆရာမင်းရှင်တို့သုံးဦး ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ခဲ့ကြတုန်းက မော်စကိုမြို့တော်ရှိ **“ဂေါ်ကီအင်စတီကျူ”**လို့ခေါ်တဲ့ **“စာရေးဆရာဖြစ်သင်ကျောင်း”**ကို ရောက်ခဲ့ကြပါတယ်။

စာရေးဆရာအသင်းနဲ့ အစိုးရက ကြပ်မတ်တည်ဆောက်ထားတဲ့ ကျောင်းဖြစ်တယ်တဲ့။ ဆရာသော်တာဆွေက “ဒီကျောင်းသားတိုင်း စာရေးဆရာဖြစ်ကရောလား”လို့မေးတော့ “ကျောင်းသားတိုင်းဖြစ်မလာပါဘူး။ တချို့ပဲဖြစ်လာပါတယ်”လို့ ပြန်ဖြေတယ်တဲ့။

ဒီတော့ ဆရာသော်တာဆွေက “ဒါဖြင့် ခင်ဗျားတို့ စာရေးဆရာဖြစ်သင်တန်းကျောင်းဖွင့်ထားတာ ဘာအကျိုးထူးပါသလဲ”လို့ ထပ်မံမေးခဲ့ပြန်တော့ “ထူးပါတယ်၊ စာရေးဆရာဖြစ်မဲ့လူဟာ ဒီကျောင်းလာပြီး သင်တန်းယူလိုက်ရတော့ မြန်မြန်ဖြစ်လာတာပေါ့”လို့ ပြန်ဖြေကြားခဲ့တယ်တဲ့။

ဆိုဗီယက်စာရေးဆရာကြီးက “မြန်မာပြည်မှာ စာရေးဆရာဖြစ်သင်တန်းကျောင်းရှိသလား။ သင်ကော ဘယ်လို စာရေးဆရာဖြစ်လာတာလဲ”လို့မေးတယ်တဲ့။ ဆရာသော်တာဆွေက “မြန်မာပြည်မှာ စာရေးဆရာဖြစ်သင်တန်းကျောင်းမရှိပါ။ ကိုယ့်ဘာသာကိုယ် စာရေးဆရာဖြစ်လာတာပါ”လို့ ဖြေခဲ့တယ်တဲ့။ “ဘယ်အရွယ်မှာ စာရေးဆရာဖြစ်လာသလဲ”လို့ ထပ်မေးတော့ “အသက် ၂၈ နှစ်မှာ ပထမဆုံးပုံနှိပ်ခံရတဲ့ စာရေးဆရာဖြစ်လာတယ်”လို့ ဖြေခဲ့တယ်တဲ့။

ဒီတော့ ဆိုဗီယက်စာရေးဆရာကြီးက “သင်သာ စာရေးဆရာဖြစ်သင်တန်းကျောင်းမှာ တက်ရောက်သင်ကြားခဲ့ရင် အခုထက်စောပြီး စာရေးဆရာဖြစ်လာမှာပါတဲ့”လို့ ပြောကြားခဲ့တယ်။ အလွန်ပင်မှန်ကန်တယ်လို့ယူဆကြောင်း ဆရာသော်တာဆွေက ရေးသားခဲ့ပါတယ်။

ဆရာသော်တာဆွေက အဲဒီလိုအမှတ်တရရေးသားခဲ့ပြီး မြန်မာနိုင်ငံမှာ စာရေးနည်းသင်တန်းကို ကိုယ်တိုင်ဦးဆောင်ဖွင့်လှစ် ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ ဆရာသော်တာဆွေနည်းတူ တချို့လဲ စာရေးနည်း၊ စာပေးစာယူသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ကြပါတယ်။ မဂ္ဂဇင်းတချို့မှာလဲ ကလောင်သစ်စာပေပျိုးခင်းတွေကို ဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဆိုရင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့လက်ထက်ကတည်းက “စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းတွေကို တစ်နှစ်မှာတစ်ကြိမ် နှစ်စဉ်ဖွင့်လှစ်ခဲ့ပါတယ်။ ကိုဗစ်ရောဂါဖြစ်ပွားကတည်းက မလွဲသာဘဲ ရပ်နားထားခဲ့ရတာပါ။

လက်ရှိ လျှပ်စစ်မီးအခက်အခဲ၊ ရုံးခါတ်လှေကားအခက်အခဲကြောင့် လက်လျှော့နေခဲ့ကြရတာပါ။ စာရေးနည်းအခြေခံသင်တန်းတွေကို မကြာခင်မှာပဲ ပြန်လည်ဖွင့်လှစ်ပေးဖို့ ကြိုတင်ပြင်ဆင်နေကြပါတယ်။

ကျွန်တော့်ရင်ထဲမှာ စွဲထင်နေဆဲပါ။ **“စာပေရေးသားကြဖို့ ဝါသနာပါကြသူတွေကို စာရေးသားနည်းအခြေခံသဘောတရားတွေ သင်ကြားပေးခြင်းအားဖြင့် စာပေလောကသားမျိုးဆက်သစ်တွေ တိုးပွားများပြားလာပြီး စာပေလောကဖွံ့ဖြိုးတိုးတက်စေဖို့”** ရည်ရွယ်ချက်နဲ့ တစ်နှစ်တစ်ကြိမ်ဖွင့်လှစ်ပို့ချပေးခဲ့တာဟာ ၁၀ ကြိမ်တိတိ ရှိခဲ့ပါတယ်။

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁)”** ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်ကနေ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်ထိ စာပေဗိမာန်အစည်းအဝေးခန်းမမှာ တစ်လတိတိဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သင်တန်းသား၊ သင်တန်းသူအယောက် ၆၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ အလှူငွေထည့်ဝင်လှူဒါန်းခဲ့ကြသူ စေတနာရှင်တွေ ပေါ်ပေါက်လာခဲ့တယ်။ ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခဲ့တဲ့ သင်တန်းမှာ သင်ကြားပို့ချနည်းလမ်းပြခဲ့ကြတဲ့ စာရေးဆရာ၊ ဆရာမကြီးအယောက် ၂၀ ရဲ့ သင်ကြားပို့ချချက်တွေကို စုစည်းဖော်ပြထားတဲ့ **“စာရေးနည်းလမ်းညွှန်”**စာအုပ်ကိုလဲ အမှတ်တရအတွက်ကော၊ နောင်ဆက်လက်ဖွင့်လှစ်မဲ့သင်တန်းတွေအတွက်ပါ ထုတ်ဝေခဲ့တယ်။ ရပ်ဝေးက သင်တန်းမတက်ရောက်နိုင်သူတွေအတွက်လဲ အထောက်အကူရစေခဲ့တယ်။ ဒါကြောင့် အဲဒီစာအုပ်ဟာ စာရေးသားနည်းသမိုင်းဝင်စာအုပ်အဖြစ် မော်ကွန်းတင်ကျန်ခဲ့ပါတယ်။

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၂)”** ကို ၂၀၁၁ ခုနှစ် မေ ၂၅ ရက်ကနေ ၂၀၁၁ ခုနှစ် ဇွန် ၂၅ ရက်ထိ စာပေဗိမာန်အစည်းအဝေးခန်းမမှာပဲ တစ်လတိတိဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သင်တန်းသား၊ သင်တန်းသူအယောက် ၇၀ တက်ရောက်ခဲ့ကြပါတယ်။ ပါဝင်ကူညီပံ့ပိုးကြသူတွေနဲ့ အလှူရှင်တွေတိုးပွားလာလို့ သင်တန်းအမှတ်စဉ် (၁) ထက် ပိုမိုအောင်မြင်ခဲ့တယ်။ ခေတ်စနစ်အရ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကို ၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်က **“မြန်မာနိုင်ငံစာရေးဆရာအသင်း”**ရယ်လို့ ပြင်ဆင်ဖွဲ့စည်းခဲ့ရတယ်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေနဲ့ အစဉ်အလာကောင်းခဲ့တဲ့ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းကို ဆက်လက်မြှင့်တင်ထိန်းကျောင်းပေးလိုတဲ့စေတနာနဲ့ စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းတွေကို နှစ်စဉ် ဆက်လက်ဖွင့်လှစ်ပေးခဲ့ပါတယ်။

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၃)”**ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်ကနေ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်ထိ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးသစ် အစည်းအဝေးခန်းမမှာ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့တာ သင်တန်းသား၊ သင်တန်းသူအယောက် ၁၀၀ တက်ရောက်ခဲ့ကြပါတယ်။ ရပ်ဝေးဒေသတွေနဲ့ ဌာနဆိုင်ရာတွေကပါ တက်ရောက်လာခဲ့ကြလို့ အရင်သင်တန်းတွေထက် ထူးထူးခြားခြားအောင်မြင်တိုးတက်ခဲ့တယ်။ သင်တန်းသား၊ သင်တန်းသူတွေစုပေါင်းပြီး **“နပျိုးသော မြေလမ်းသစ်များ”**ဆိုတဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုတွေပါဝင်တဲ့ လုံးချင်းစာအုပ်ကို အမှတ်တရထုတ်ဝေခဲ့ကြပါတယ်။

❖ စာရေးဆရာ၊ ဆရာမ တကယ်ဖြစ်ချင်ရင်တော့ တကယ်လုပ်ချင်တဲ့ စိတ်ရင်းအမှန် ဇွဲ၊ ဝီရိယရှိကြဖို့လိုပါတယ်။ ကောက်ရိုးမီးလိုကျင့်လို့မရဘူး။ ရှားမီးလိုကျင့်ရမယ်။ စာရေးဆရာ၊ သတင်းစာဆရာဖြစ်ချင်သလား။ စာများများဖတ်ကြပါ။ မှတ်သားကြပါ။ အချက်အလက်၊ အကိုးအကားအထောက်အထားတွေကို ရသမျှ “စု”ထားကြပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေနဲ့ ရေးနည်းရေးဟန်တွေကို “အတု”ယူထားကြပါ။ “ပြုစု” ရေးသားကြပါ။ အချုပ်ကိုပြောရရင်တော့ “တက်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင်ဖတ်”ကြပါ။ ❖

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၄)”**ကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်ကနေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်ထိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမမှာပဲ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့တာ သင်တန်းသား၊ သင်တန်းသူ ၁၀၃ ယောက် တက်ရောက်ခဲ့ကြပါတယ်။ တက်ရောက်မှုအင်အား အများဆုံးသင်တန်းဖြစ်တယ်။ သင်တန်းသား၊ သင်တန်းသူတွေစုပေါင်းပြီး **“ပန်းရတု”** (သုတ၊ ရသ စာစုများ)လုံးချင်း၊ **“ပန်းစေတမန်”**(သုတ၊ ရသစာစု များ-၂) လုံးချင်း၊ **“ပန်းတံတား”** (သုတ၊ ရသစာစု များ- ၃) လုံးချင်းစာအုပ် သုံးအုပ်တိတိကို ဆက်တိုက်ထုတ်ဝေခဲ့ကြတယ်။ တစ်ဦးချင်းအနေနဲ့ ကဗျာလုံးချင်း၊ ဆောင်းပါးလုံးချင်းတွေကို ဆက်တိုက်ထုတ်ဝေနိုင်ခဲ့ကြတယ်။ နေ့စဉ်ထုတ်သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းတွေမှာလဲ ရေးသားဖော်ပြတာခံနေကြရသူတွေက တိုးပွားများပြားလာတယ်။ စာပေပြိုင်ပွဲတွေမှာလဲ စာပေဆုတွေကို ထိုက်ထိုက်တန်တန်ရခဲ့ကြတယ်။ ဒါကြောင့် သင်ကြားပို့ချနည်းလမ်းပြနေခဲ့ကြတဲ့ စာရေးဆရာကြီး၊ ဆရာမကြီးတွေ တစ်နည်းအားဖြင့် စာပေဥယျာဉ်မှူးကြီးတွေရဲ့ရင်တွင်းမှာ ပီတိဖြစ်လို့မဆုံး၊ ကြည်နူးလို့မဆုံး ဖြိုးပန်းဝေခဲ့ကြပါတယ်။

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၅)”** ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်ကနေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ မြန်မာနိုင်ငံ စာရေးဆရာအသင်းခန်းမမှာပဲ တစ်လတိတိ ဖွင့်လှစ်ပို့ချပေးခဲ့တာ သင်တန်းသား၊ သင်တန်းသူ ၇၈ ယောက် တက်ရောက်ခဲ့ကြပါတယ်။ သံယာတော်သုံးပါးနဲ့ အငြိမ်းစားသက်ကြီးရွယ်အိုတွေလဲ ပါဝင်တက်ရောက်ခဲ့ကြတယ်။ အငြိမ်းစားဝန်ထမ်းတွေ၊ ရှေ့နေတွေ၊ စစ်မှုထမ်းဟောင်းတွေ၊ ဌာနဆိုင်ရာတွေမှာ လက်ရှိတာဝန်ထမ်းဆောင်နေကြသူတွေ ပါဝင်တက်ရောက်ခဲ့ကြတယ်။ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်ထဲကလဲ ပါဝင်တက်ရောက်ခဲ့ကြတယ်။ တချို့ဆိုရင် လက်ရှိမှာ လုံးချင်းသုံးအုပ် ရေးသားထုတ်ဝေပြီးသူတွေ၊ စာနယ်ဇင်းတွေမှာ ရေးသားနေဆဲစာပေဝါသနာရှင်တွေ ပါဝင်တက်ရောက်ခဲ့ကြတယ်။ နယ်စုံ၊ လူမျိုးစုံ ပါဝင်တက်ရောက်ခဲ့ကြလို့ ထူးခြားတဲ့သင်တန်းအဖြစ် မှတ်တမ်းတင်ထားရတယ်။ သင်တန်းသား၊ သင်တန်းသူတွေစုပေါင်းပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုတွေပါဝင်တဲ့ **“အိပ်မက်လှေ”** (အမှတ်တရစုစည်းမှု)လုံးချင်းစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၆)”**ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်ကနေ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၅ ရက်ထိ မြန်မာနိုင်ငံ စာရေးဆရာအသင်းအစည်းအဝေးခန်းမမှာ တစ်လနဲ့ တစ်ပတ်တိတိ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သင်တန်းသား၊ သင်တန်းသူ ၈၈ ယောက် တက်ရောက်ခဲ့ကြပါတယ်။ **“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၇)”** ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ အသင်းအစည်းအဝေးခန်းမမှာ တစ်လတိတိ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သံဃာတော်လေးပါးအပါအဝင် သင်တန်းသား၊ သင်တန်းသူ ၈၄ ယောက် တက်ရောက်ခဲ့ကြပါတယ်။

**“စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၈)”** ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်ကနေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ သင်တန်းသား၊ သင်တန်းသူအယောက် ၈၀၊ **“သင်တန်းအမှတ်စဉ်(၉)”** ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်ကနေ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၅၈ ယောက်၊ **“သင်တန်းအမှတ်စဉ်(၁၀)”** ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက်ကနေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၃၅ ယောက်နဲ့ ဖွင့်လှစ်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနကလဲ **“စာပေရေးသားဖန်တီးမှုနှင့် တည်းဖြတ်မှုအတတ်ပညာဘွဲ့လွန်ဒီပလိုမာသင်တန်းများ”**ကို နှစ်စဉ် ဖွင့်လှစ်ပျိုးထောင်ပေးခဲ့ပါတယ်။

စာရေးဆရာ၊ ဆရာမ တကယ်ဖြစ်ချင်ရင်တော့ တကယ်လုပ်ချင်တဲ့ စိတ်ရင်းအမှန် ဇွဲ၊ ဝီရိယရှိကြဖို့လိုပါတယ်။ ကောက်ရိုးမီးလို ကျင့်လို့မရဘူး။ ရှားမီးလိုကျင့်ရမယ်။ စာရေးဆရာ၊ သတင်းစာဆရာဖြစ်ချင်သလား။ စာများများဖတ်ကြပါ။ မှတ်သားကြပါ။ အချက်အလက်၊ အကိုးအကားအထောက်အထားတွေကို ရသမျှ **“စု”**ထားကြပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေနဲ့ ရေးနည်းရေးဟန်တွေကို **“အတု”**ယူထားကြပါ။ **“ပြုစု”**ရေးသားကြပါ။ အချုပ်ကိုပြောရရင်တော့ **“တက်ချင်ရင်သင်၊ မြင်ချင်ရင်ကြည့်၊ သိချင်ရင်မေး၊ ရေးချင်ရင်ဖတ်”** ကြပါ။ **“စု၊ တု၊ ပြု”**နည်းလမ်းကို လေ့ကျင့်ကြပါလို့ ရှေးစာရေးဆရာကြီးတွေက လမ်းညွှန်လှုံ့ဆော်ပေးလေ့ရှိခဲ့ပါတယ်။

ကျွန်တော်တို့ကျောင်းသားဘဝက စာရေးနည်းစာအုပ်အနည်းငယ်ထုတ်ဝေထားတာကို ဖတ်ရှုခဲ့ဖူးပါတယ်။ ဆရာသူရိယကန္တိ၊ ဆရာတက္ကသိုလ်နန္ဒမိတ်၊ ဆရာသော်တာဆွေ၊ ဆရာရန်ကုန်ဘဆွေ၊ ဆရာမောင်ထင်တို့က စာရေးနည်းအခြေခံတွေကို လမ်းညွှန်ရေးသားခဲ့ကြတယ်။ အဲဒီစာအုပ်တွေဟာ ကျွန်တော်တို့ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပါပဲ။ **“စာရေးသားနည်းကို သင်ပေးလို့မရဘူးဆိုတာထက် လွယ်လင့်တကူသင်ပေးလို့မရဘူးဆိုတာက ပိုမှန်တယ်”** ဘယ်ပညာရပ်မဆို ဆရာမပြု နည်းမကျပါဘူး။ ဆရာပြုမှ နည်းကျတာ။ ဥပမာပြောရရင် **“ဆရာသိပ္ပံမောင်ဝ”**က “မင်္ဂလာဆောင်တွင်ဖတ်ရမည့် ဩဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုရင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် အချင်းဖြစ်ပွားသော

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

➤ စာမျက်နှာ ၄ မှအဆက်

အကြောင်း၊ မီးလောင်၍ ပြေးလွှားရသောအကြောင်းများကို ရေးသောအခါ မင်္ဂလာဆောင်ဖိတ်စာကဲ့သို့ ရေးသားနေမည်ဆိုပါက လူရယ်စရာဖြစ်သွားမည်ကို သတိထားသင့်လှသည်”လို့ လမ်းညွှန် သတိပေးခဲ့ပါတယ်။ **“ဆရာမောင်ထင်”**ကလဲ “စာရေးကောင်းသည့် လက္ခဏာမှာ မိမိဆိုလိုရင်းကို သူတစ်ပါး ဒက်ခနဲနားလည်အောင် ရေးနိုင်ခြင်းပင်ဖြစ်သည်။ ခက်ခဲနက်နဲသော အချက်အလက်များကိုပင်လျှင် သူတစ်ပါးရှင်းရှင်းလင်းလင်း သိလွယ်အောင်ရေးနိုင်လျှင် စာကောင်းသည်ဟု ဆိုရပေမည်”လို့ လမ်းညွှန်ခဲ့ပါတယ်။ **“ဆရာဇဝန”**ကတော့ “သတင်းစာသုံး မြန်မာစာသည် တိုတောင်းရသည်။ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမပြုရဟူသော အရေးအသားသည် ကျမ်းစာသုံးဖြစ်၏။ သတင်းစာ၌မသုံးရ။ သတင်းစာသုံးမှာ **“သူ့ဥစ္စာကို မခိုးရ”**ဟု ရေးရ၏။ တိုရမည်။ ရှင်းလင်းပြတ်သားရမည်”လို့ သတင်းရေးသားနည်းကို လမ်းညွှန်ခဲ့သလို “အလွမ်းအဆွေး၊ သည်းထိတ်ရင်ဖိုခံစားချက်များဖြင့် ထုံမွမ်းပေးခြင်းဖြင့် သတင်းစာဆောင်းပါးဖြစ်လင့်ကစား ရသစာပေဝင်ကာ ဂုဏ်မြောက်စေပါသည်”လို့ သတင်းစာဆောင်းပါးရေးသားနည်းကို မီးမောင်းထိုးပြခဲ့ပါသည်။

**“ဆရာကြီး ရွှေဥဒေါင်း”**ကတော့ ခွန်အားရှိသောစာ (Force Language) ရေးတတ်ရန် (၁) ရေးလိုသောအကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ (၂) အချက်ကျကျရေးတတ်ခြင်း တစ်နည်းအားဖြင့် သင့်တော်သောစကားလုံးကို ရွေးချယ်တတ်ခြင်းနှင့် (၃) ကြံ့ခိုင်ကျစ်လျစ်သောဝါကျမျိုး တည်ဆောက်တတ်ခြင်းနှင့် ပြည့်စုံရန်လိုသည်” လို့ လမ်းညွှန်ခဲ့ပါတယ်။ **“ဆရာသော်တာဆွေ”**ကတော့ “ဘာအကြောင်းအရာပဲ ရေးရေး၊ ဖတ်လိုက်တာနဲ့ လက်ကမချနိုင်အောင် စာဖတ်သူကို ဆွဲခေါ်သွားနိုင်အောင် ဆွဲဆောင်ပြီးရေးသင့်တယ်။ ဖတ်သူစိတ်ဝင်စားအောင်၊ ရင်းရင်းနှီးနှီးနှင့် အသက်ဝင်အောင်၊ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးရမယ်”လို့ တွန်းအားပေးလှုံ့ဆော်ခဲ့ပါတယ်။ **“ဆရာဒဂုန်ရွှေမျှား”** က “သတင်းဆောင်းပါးက အချိန်မီဖြစ်ခြင်း၊ စာဖတ်သူတို့ မျှော်လင့်ချိန်ဖြစ်ခြင်းများ ရေးသားရတယ်။ မဂ္ဂဇင်းဆောင်းပါးက ကျယ်ပြန့်ခိုင်ခံ့ရေရှည်အသုံးပြုနိုင်ရမယ်။ အစီအစဉ်ကျနရမယ်။ မဂ္ဂဇင်းအင်္ဂါရပ်တွေရှိရမယ်။ **ဝတ္ထုဟာ ဇာဆေးနဲ့တူပြီး ဆောင်းပါးဟာ ထိုးဆေးနဲ့တူတယ်။** ဝတ္ထုဟာ စိတ်ကူးကပေါ်ထွက်လာပြီး ဆောင်းပါးဟာ အကျိုးအကြောင်းအချက်အလက် တိကျမှုရှိရမယ်”လို့ ရှင်းလင်းလမ်းညွှန်ခဲ့ပါတယ်။

စာရေးတတ်သွားကြလို့ စာရေးဆရာဖြစ်လာကြသူတွေထဲက စာပေတာဝန်မကျေပွန်သူတွေနဲ့ပတ်သက်လို့ **“ဆရာကြီးဓေယျ”** က စာခလေ့စာအုပ်ထဲမှာ **“ကလောင်သွားနဲ့ မုန့်ဟင်းခါး”** ဆိုပြီး သတိပေးရေးသားခဲ့တယ်။ “ကိုယ့်တာဝန်ကိုယ်မသိ။ ရေးရလျှင် ပြီးရော၊ ပိုက်ဆံရလျှင် ပြီးရော၊ နာမည်ကြီးလျှင်ပြီးရော တာဝန်ကင်းသဘောထားကြလျှင် လက်ထဲက ကလောင်လေးကို လမ်းဘေးအမှိုက်ပုံထဲပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်၍ရောင်းခြင်းက ပို၍သင့်မြတ်ပေလိမ့်မည်”လို့ ရှုတ်ချသတိပေးခဲ့ပါတယ်။ **“ဆရာတက္ကသိုလ်ဘုန်းနိုင်”**ကတော့ “အရေးလှတယ်ဆိုတာ အတွေးလှခြင်းကလာတယ်။ အတွေးလှတယ်ဆိုတာကလဲ မြင်တတ်ရာတတ်ပြီး ဆင်ခြင်တတ်လို့ပဲပေါ့”လို့ လမ်းညွှန်ခဲ့ပါတယ်။ **“ဆရာဦးသိန်းဖေမြင့်”**ကတော့ “အတွေးသက်သက်ဖြင့် မရှာနှင့်၊ လူထုကြီးထံ ချဉ်းကပ်ရှာဖွေဖို့လိုသည် (ပြည်သူကြားမှာ အမှန်ရှာပါ)”လို့ တပ်လှန့်နှိုးဆော်ခဲ့ပါတယ်။ **“ဆရာကြီး ဦးရန်အောင်”** ကတော့ **“ဝမ်းတွင်းမပါ၊ စိတ်မှာမထင်၊ ယင်းကြောင်းအင်ကို၊ ဓာတင်ရေးသား၊ သင်ရှောင်ရှားလော့”**လို့ သတိပေးခဲ့ပါတယ်။

ရှေးက စာပေပညာရှင်ကြီးတွေရဲ့ စာပေရေးသားနည်းအဆိုအမိန့်တွေကို ဖော်ပြရရင် ကုန်မှာမဟုတ်ပါဘူး။ အဲဒီရေးသားနည်းတွေကို နည်းယူပြီး ဝါသနာလဲပါ၊ ဥာဏ်လဲရှိရှိနဲ့ ကြိုးစားကြရင်တော့ စာရေးဆရာဖြစ်လာမှာ သေချာတယ်။ စာရေးနည်းသင်တန်းတက်ထားကြရင်တော့ စာဖတ်အား၊ မှတ်အားထက် လက်တွေ့အရေးအသား၊ အယူအဆတွေကို ပိုပြီးနားလည်လာကြတယ်။ ဘယ်စာကို ဘယ်လိုရေးသားပြီး ဘယ်လို အသိတရားမျိုးပေးနိုင်တယ်ဆိုတာကို ပိုမိုသိရှိလာကြပါတယ်။ အတွေ့အကြုံရှိကြတဲ့ သမ္မာရင့်စာပေပညာရှင်ကြီးတွေရဲ့ ကိုယ်တွေ့တွေကို ခဏလေးနဲ့ ရယူနိုင်ကြတယ်။ ယူတတ်ရင်ရနိုင်ပါတယ်။

နောက်တစ်ပိုင်းက မှုခင်းသတင်းနဲ့ မှုခင်းဆောင်းပါးရေးသားနည်းကိုတော့ ဖတ်မှတ်အားထက် လက်တွေ့သင်ကြားနိုင်ရင် ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုရင် တခြားသုတ၊ ရသစာပေတွေနဲ့မတူဘဲ တော်တော်အန္တရာယ်ရှိလို့ပါပဲ။ သတင်းဆိုကတည်းက **“ဘ”** ခြောက်လုံးကို သိထားကြဖို့လိုသလို အရပ်လေးမျက်နှာက ရတာတွေဟာ သတင်း (News) ဖြစ်တယ်ဆိုတဲ့ သတင်းရဲ့ဇာစ်မြစ်ကိုလဲ သိထားကြဖို့လိုတယ်။” [သတင်းရေးရန် **“ဘယ်သူ့”** ထံ၊ တွေးကြံသိထားကြ။ **“ဘယ်သူကစ”** **“ဘယ်တုန်း”**က **“ဘယ်မှာ”** **“ဘာကြောင့်”** ဗျ။ **“ဘယ်နည်း၊ ဘယ်ပုံ”** **“ဘာဖြစ်တုံ”** အကုန်ရေးဖော်ပြ၊ အတည်ပြုရန် **“ဘယ်သူ့ထံ”** မေးရန်သိထားကြ။] (၁) ဘယ်သူ (Who) (၂) ဘယ်တုန်းက(When) (၃) ဘယ်မှာ (Where) (၄) ဘာကြောင့် (Why) (၅) ဘယ်နည်းဘယ်ပုံ (How) (၆) ဘာဖြစ်တုံ (What) **“ဘ”** ခြောက်လုံးနဲ့အညီသာ သတင်းရေးသားရင် ပြဿနာတွေနဲ့ ကင်းဝေးပါတယ်။ “ဘ” ခြောက်လုံးနဲ့မညီလို့ တချို့မီဒီယာသမားတွေ၊ တရားစွဲခံနေကြရသလို ထောင်ချခံခဲ့ကြရတာတွေ ရှိခဲ့ပါတယ်။

**“ဘ”** ခြောက်လုံးနဲ့ညီပေမဲ့ ဖော်ပြသင့်တဲ့သတင်း၊ မဖော်ပြသင့်တဲ့သတင်းရှိသေးတယ်။ တချို့ နိုင်ငံတော်ရဲ့လျှို့ဝှက်ချက်သတင်းမျိုး၊ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားထိခိုက်နိုင်တဲ့ သတင်းမျိုးတွေကို ရှောင်ကြဉ်ကြရပါတယ်။ မှုခင်းသတင်းတွေ ရေးသားတဲ့နေရာမှာ ကြားသတင်းကို လုံးဝမရေးသားရဘူး။ ရဲစခန်းမှာ အမှုဖွင့်ထားပြီး ပထမသတင်းပေးတိုင်ကြားချက် (ပ) နံပါတ်ပါတဲ့အမှုကိုပဲ ရေးသားဖော်ပြကြရတယ်။ အသက် ၁၆ နှစ် မပြည့်သေးတဲ့ ကလေးသူငယ်တွေရဲ့အမှုမှာ ဓာတ်ပုံမဖော်ပြရဘူး။ ပြည့်တန်ဆာတွေရဲ့အမှုမှာ မျက်နှာတွေကို ဖုံးအုပ်ထားကြရမယ်။ ရက်စက်မှုအနိဋ္ဌာရုံ ဓာတ်ပုံတွေကို မဖော်ပြရဘူး။ ဘာသတင်းပဲရေးရေး ကိုယ့်အယူအဆကို မထည့်ရဘူး။ ဆောင်းပါးနဲ့သတင်းဟာမတူဘူး။ ဆောင်းပါးမှာတောင် ကိုယ့်ထင်မြင်ယူဆချက်ထည့်ရေးမိလို့ အသရေပျက်မှု၊ တရားရုံးများ မထိမ့်မြင်မှုတွေနဲ့ ရင်ဆိုင်ဖြေရှင်းခဲ့ကြရတာတွေ ရှိပါတယ်။

ရသစာပေမှာလဲ နှလုံးသားက ဝေဒနာခံစားချက်ရှိရမယ်။ အဲဒီဝေဒနာခံစားချက်ကို မျှဝေပေးချင်တဲ့ စေတနာရှိရမယ်။ ခံစားချက်နဲ့စေတနာရှိပေမဲ့ ရေးသားတတ်တဲ့ ကျွမ်းကျင်မှုမရှိရင် ရည်မှန်းချက်ကို မထိရောက်တော့ပါဘူး။ ခံစားချက်၊ စေတနာ၊ အတတ်ပညာရှိမှ ရေးသားလို့ရတာပါ။

အချုပ်ဆိုရရင် သင် စာရေးဆရာဖြစ်ချင်ပါသလား။ စစ်မှန်တဲ့ ဥာဏ်ဝီရိယအပြည့်နဲ့ကြိုးစားရင် စာရေးဆရာ၊ သတင်းစာဆရာဖြစ်လာမှာ သေချာပါတယ်လို့ပဲ ပြောကြားပါရစေ။

## သာယာလှဆုံး တန်ဆောင်မုန်း

\- လရာသီ တန်ဆောင်မုန်း
အလှဆုံးမို့ သည်ချိန်ခါ၊
မြန်မာ့ရိုးရာ ကထိန်ပွဲ
နွှဲပျော်ကြတာ၊
ဆီမီးက ညီညီညာ
ရောင်စုံဖြာ အမှောင်ခွင်း၊
လမင်းမှာ ငွေရည်လောင်းတယ်
ကောင်းကင်ရှုခင်း။

\- ရက်စုံကာ အဌမြောက်
ကျရောက်တဲ့ ပြက္ခဒိန်မှာ၊
ကြတ္တိကာ နက္ခတ်မင်း
ထွန်းလင်းတော့တာ၊
ပွင့်ရှာကြ ခဝဲဝါ
သတ်မှတ်ရာ ရာသီပန်း၊
ငွေနှင်းမှုန် ခြုံလွှာဖွေးတယ်
အေးမြကာချမ်း။

\- မသိုးရာ ဤသင်္ကန်း
အသွင်ဆန်း ရက်ကန်းထည်၊
ကပ်လှူဖွယ် အရှက်ဦး
ထူးပါဘိတယ်၊
လပြည့်ည အခါဝယ်
ကိုးကွယ်ရာ မြတ်ဘုရား၊
ထင်ရှားရာ သာမညသုတ်ကို
ဟောထုတ်ကာထား။

\- ပုံ့သကူ ပစ်လှူပွဲ
ဆင်နွှဲကြ သန်းခေါင်ယံ၊
ဓူတင်ဆောင် သံဃာများ
လိုလားကြပြန်၊
ပြုကြတဲ့ ကောင်းမှုကံ
များသည့်ဟန် တန်ဆောင်မုန်း၊
ရှေးထုံးစံ စဉ်လာမပျက်တယ်
ခုထက်တိုင်သုံး။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဟိုက်ပါဆိုးနစ် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း အော်ရင်ဘာ့ဂ်ဒုံးပစ်ကျင်း၌ ရုရှားထည့်သွင်းတပ်ဆင်

**မော်စကို နိုဝင်ဘာ ၁၆**

ရုရှားဒုံးကျည်တပ်ဖွဲ့များသည် အဗင်းဂါ့ဒ်အမည်ရှိ ဟိုက်ပါဆိုးနစ် တိုက်ချင်းပစ် ဒုံးကျည်တစ်စင်းကို ရုရှားတောင်ပိုင်းရှိ မြေအောက်ဒုံးပစ်ကျင်း၌ ထည့်သွင်းတပ်ဆင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဗင်းဂါ့ဒ် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်သည် အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထိုးဖောက်နိုင်သော ဟိုက်ပါဆိုးနစ်လက်နက်အဖြစ် ရုရှားသမ္မတပူတင်က ၂၀၁၈ ခုနှစ်က ကြေညာထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အဗင်းဂါ့ဒ်ဟိုက်ပါဆိုးနစ် တိုက်ချင်းပစ်ဒုံးကျည်ကို ရုရှားဒုံးကျည်တပ်များက ကာဇက်စတန်နိုင်ငံအနီးရှိ အော်ရင်ဘာ့ဂ်ဒေသ မြေအောက်ဒုံးပစ်ကျင်း၌ နေရာချ ထည့်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ၎င်း၏ပထမဆုံးသော အဗင်းဂါ့ဒ်ဟိုက်ပါဆိုးနစ် တိုက်ချင်းပစ်ဒုံးကျည်ကို အော်ရင်ဘာ့ဂ်ဒေသ၌ ၂၀၁၉ ခုနှစ်အတွင်း အပြီးသတ်တပ်ဆင်နေရာချထားခဲ့ပြီးဖြစ်သည်။

အဗင်းဂါ့ဒ် ဟိုက်ပါဆိုးနစ် ဒုံးကျည်သည် နျူကလီးယားထိပ်ဖူးသယ်ဆောင်၍ ပစ်မှတ်နှင့်နီးလာချိန်တွင် ဒုံးကျည်မှခွာထွက်၍ ပစ်မှတ်ဆီသို့ အသံ၏မြန်နှုန်းထက် ၂၇ ဆ သို့မဟုတ် တစ်နာရီလျှင် မိုင် ၂၁၀၀၀ ခန့် အမြန်နှုန်းဖြင့် ပစ်မှတ်ဆီသို့ပျံသန်းနိုင်သည်။

အဗင်းဂါ့ဒ်ဟိုက်ပါဆိုးနစ်ဒုံးကျည်များသည် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဟိုက်ပါဆိုးနစ်လက်နက်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယနိုင်ငံ ဟိမဝန္တာဒေသ၌ ယာဉ်မတော်တဆမှုကြောင့် အနည်းဆုံး ခရီးသည် ၃၉ ဦး သေဆုံး

**ဒေလီ နိုဝင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ ဟိမဝန္တာဒေသ အဝေးပြေးလမ်းတစ်ခု၌ နိုဝင်ဘာ ၁၅ ရက်က ခရီးသည်တင် ဘတ်စကားတစ်စီးလမ်းချော်ခဲ့ပြီး တောင်စောင်းအတိုင်း ထိုးကျခဲ့မှုကြောင့် အနည်းဆုံး ၃၉ ဦးသေဆုံး၍ ၁၇ ဦးဒဏ်ရာများရရှိခဲ့သည်။

အဆိုပါခရီးသည်တင်ဘတ်စကားသည် ဂျမ္မူးမြို့မှ ကစ်ရှ်ဝါမြို့သို့ မောင်းနှင်နေစဉ် လမ်းချော်ခဲ့ရပြီး တောင်စောင်းအတိုင်း ထိုးကျခဲ့ရခြင်းဖြစ်သည်။

တောင်စောင်းအတိုင်းထိုးဆင်းခဲ့သည့် အဆိုပါဘတ်စကားသည် အောက်ဘက်မီတာ ၂၀၀တွင်ရှိသည့် တောင်ပေါ် လမ်းဟောင်းတစ်ခု အပေါ်ကျရောက်ခဲ့ကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူများကို အနီးစပ်ဆုံး ဆေးရုံများသို့တင်ပို့ခဲ့ပြီး ဒဏ်ရာပြင်းထန်သူများကို ဂျမ္မူးမြို့ဆေးရုံသို့ ပို့ဆောင်ထားသည်။

လက်ရှိအချိန်တွင် အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ယာဉ်မတော်တဆမှုများကြောင့် လူသေဆုံးမှု အမြင့်ဆုံးနိုင်ငံများ ထဲတွင်ပါဝင်ပြီး ယာဉ်မတော်တဆမှုများကြောင့်နှစ်စဉ်လူထောင်ပေါင်းများစွာ သေဆုံးနေကြရကြောင်း သိရသည်။

Ref : RT

Trs : KKO



## တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်တို့ တွေ့ဆုံဆွေးနွေး



**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၆**

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နိုဝင်ဘာ ၁၅ ရက်တွင် ဆန်ဖရန်စစ္စကိုမြို့ဆင်ခြေဖုံးဒေသရှိ သီးသန့်စံအိမ်တော်တစ်ခု၌တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆန်ဖရန်စစ္စကိုမြို့နှင့် မိုင် ၃၀ ခန့်အကွာတွင်တည်ရှိသည့် ဖီလိုလီအမည်ရှိလယ်တောစံအိမ်၌ ကျင်းပခဲ့သည့် အဆိုပါတွေ့ဆုံဆွေးနွေးပွဲသည် လေးနာရီခန့်ထိ ကြာမြင့်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် သမ္မတဂျိုးဘိုင်ဒင်နှင့်သမ္မတ ရှီကျင့်ဖျင်တို့သည် သမ္မတနှစ်ဦးကြား အရေးပေါ်ဖုန်းလိုင်း ထားရှိရန်၊ နှစ်နိုင်ငံစစ်ဘက်ထိတွေ့ဆက်ဆံမှု ပြန်လည်စတင်ရန်၊ဖင်တနိုင်းဆေးဝါး ထုတ်လုပ်မှုကို ထိန်းချုပ်ရန်တို့အား သဘောတူခဲ့ကြသည်။

နိုဝင်ဘာ ၁၅ ရက်ဆွေးနွေးပွဲသည်အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့အတွက် တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်လူချင်းတွေ့ဆုံမှုဖြစ်သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြားတွင် သဘောထားအမြင်ကွဲလွဲမှုများကျန်ရှိနေဆဲဖြစ်သော်လည်း နိုဝင်ဘာ ၁၅ ရက်ဆွေးနွေးပွဲရလဒ်များမှာ နှစ်နိုင်ငံဆက်ဆံရေးအတွက် တိုးတက်မှု သဘောဆောင်ကြောင်း လေ့လာသူများကသုံးသပ်ထားသည်။

အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌဟောင်း နန်စီပီလိုစီ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း တရုတ် (ထိုင်ပေ)သို့ဝင်ရောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် စစ်ရေးအဆက်အဆံများပြတ်တောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာစစ်ပွဲဆိုင်ရာ ပထမဆုံးဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အတည်ပြု

**နယူးယောက် နိုဝင်ဘာ ၁၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ၎င်း၏ပထမဆုံးသော ဂါဇာစစ်ပွဲဆိုင်ရာဆုံးဖြတ်ချက်ကို နိုဝင်ဘာ ၁၅ ရက်တွင် အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

မော်လ်တာနိုင်ငံက အဆိုပြုတင်သွင်းသည့် အဆိုပါဆုံးဖြတ်ချက်မူကြမ်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းရင်းများအရအစ္စရေးနှင့် ဟားမတ်စ်တို့ကြားတိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ထို့ပြင်ဖမ်းဆီးထားသည့်ဓားစာခံအားလုံးကိုလည်း ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန် အဆိုပါဆုံးဖြတ်ချက်မူကြမ်း၌ တောင်းဆိုထားသည်။

ယင်းဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲရာတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ပြီး အမေရိကန်နိုင်ငံ၊ ရုရှားနှင့် ဗြိတိန်တို့ ပါဝင်မဲပေးခြင်းမရှိခဲ့ကြောင်း သိရသည်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အစ္စရေး-ဟားမတ်စ်စစ်ပွဲနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ရယူနိုင်ရန် ပြီးခဲ့သည့်လအတွင်း လေးကြိမ်ထိ ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၅ရက်တွင် အတည်ပြုနိုင်ခဲ့သော ဆုံးဖြတ်ချက်မူကြမ်းတွင် ဟားမတ်စ်အုပ်စုက အောက်တိုဘာ ၇ ရက်တွင်တိုက်ခိုက်ခဲ့မှုကို ထည့်သွင်းဖော်ပြထားခြင်းမရှိသလို အပစ်အခတ် ရပ်စဲရေးအတွက်လည်း တောင်းဆိုထားခြင်းမရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## တိုကျိုမြို့ အစ္စရေးသံရုံးအဝင်ဝရှိ အရံအတားကို အမျိုးသားတစ်ဦးကားဖြင့်ဝင်တိုက်

**တိုကျို နိုဝင်ဘာ ၁၆**

တိုကျိုမြို့ရှိ အစ္စရေးသံရုံး အဝင်ဝအနီးရှိ အရံအတားတစ်ခုကို ယနေ့တွင် မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သည့် အသက် ၅၃ နှစ်အရွယ်အမျိုးသားတစ်ဦးကို ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

အစ္စရေးသံရုံး ဝင်ပေါက်အရံအတားအား မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သူအမျိုးသားမှာ လက်ယာစွန်းအုပ်စုတစ်ခုမှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ဂျပန်ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အသက် ၅၃ နှစ်အရွယ် အဆိုပါ အမျိုးသားက အစ္စရေးသံရုံး အဝင်ဝအရံအတားကို ယာဉ်ဖြင့် ဝင်တိုက်စဉ် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် ထိတ်လန့်တုန်လှုပ်ခဲ့ရသော်လည်းမိမိတို့လုံခြုံရေးအတွက် တာဝန်ယူပေးနိုင်ခဲ့သော ဂျပန်ရဲတပ်ဖွဲ့ကို ကျေးဇူးတင်သည်ဟု ဂျပန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဂီလပ်ဒ် ကိုဟင်က ပြောကြားထားကြောင်း သိရသည်။

တိုကျိုမြို့ရှိ အစ္စရေးသံရုံးသည် ပြီးခဲ့သည့် ရက်သတ္တပတ်များကလည်း ပါလက်စတိုင်းလိုလားသူများ၏ ဆန္ဒပြမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။


အစ္စရေး-ဟားမတ်စ်စစ်ပွဲ စတင်ခဲ့သည့် အောက်တိုဘာ ၇ ရက်မှစ၍ ဂျပန်ရဲတပ်ဖွဲ့သည် အစ္စရေးသံရုံးရှိရာနယ်မြေ၌ လုံခြုံရေးတင်းကျပ်ထားပြီး သံရုံးဝန်းကျင်၌ အတားအဆီးများ ချထားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်က အမြင့်ဆုံးမြန်နှုန်းနီးပါးဖြင့် မွှတ်မွှတ်လည်နေ




**ဝါရှင်တန် နိုဝင်ဘာ ၁၆**

နဂါးငွေ့တန်းကြယ်စု ဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်သည် အမြင့်ဆုံးမြန်နှုန်းနီးပါးဖြင့် မွှတ်မွှတ်လည်နေကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၁၅ ရက်က ပြောကြားသည်။

အမေရိကန် ရူပဗေဒပညာရှင်များသည် ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်၏ မွှတ်မွှတ်လည်နှုန်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ချန်ဒရာအာကာသရေဒီယိုတယ်လီစကုပ်သုံး၍ တွက်ချက်ခဲ့ကြသည်။

သိပ္ပံပညာရှင်များသည် အလွန်ကြီးမားသည့် မဟာအာကာသတွင်းနက်ကြီးများ၏ မွှတ်မွှတ်လည်နှုန်းကို သုညအဆင့်မှ (၁) အဆင့်ထိ ပိုင်းခြားထားပြီး (၁) အဆင့်ကို အမြင့်ဆုံးမွှတ်မွှတ်လည်နှုန်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်၏ မွှတ်မွှတ်လည်နှုန်းမှာ သုည ဒသမ ၈၄ နှင့် သုည ဒသမ ၉၆ ကြားတွင်ရှိရာ အာကာသတွင်းနက်များ မွှတ်မွှတ်လည်နှုန်း အမြင့်ဆုံးအဆင့်သို့ ရောက်လုနေပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်၏ မွှတ်မွှတ်လည်နှုန်းကြောင့် အနီးဝန်းကျင်ရှိ အချိန်-အာကာသပြင်လွှာ ကွေးညွှတ်လိမ်ခေါက်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၄ ဒသမ ၅ သန်းခန့်ပိုကြီးမားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တရုတ်နိုင်ငံက ကမ္ဘာ့အမြန်ဆုံးအင်တာနက်လိုင်းကို မြို့ကြီးသုံးမြို့အတွက် ဖွင့်ပေးလိုက်

**ပေကျင်း နိုဝင်ဘာ ၁၆**

တရုတ်နိုင်ငံသည် ကမ္ဘာ့အမြန်ဆုံးအင်တာနက်လိုင်းကို မြို့ကြီးသုံးမြို့အတွက် ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ အင်တာနက်ဆက်ကြောင်းကို အရှည် ၁၈၆၄ မိုင်ရှိသည့် ဖိုက်ဘာအလင်းမျှင် ကေဘယ်လ်ကြိုးလိုင်းဖြင့် တည်ဆောက်ထားပြီး ပေကျင်း၊ ဝူဟန်နှင့် ကွမ်ကျိုး မြို့တော်ကြီးသုံးမြို့ကို ချိတ်ဆက်ပေးထားသည်။

၎င်းအင်တာနက်ဆက်ကြောင်းသည် တစ်စက္ကန့်လျှင် ပုံရိပ်အရည်အသွေးမြင့် ရုပ်ရှင်ကား ၁၅၀ ထိ လွှဲပြောင်းပေးပို့နိုင်ရာ ကမ္ဘာ့အမြန်ဆုံးအင်တာနက်လိုင်းအဖြစ် စံချိန်တင်ခဲ့သည်။

တစ်စက္ကန့်လျှင် သတင်းအချက်အလက် ပမာဏ ၁ ဒသမ ၂ တာရာဘိုက်ပေးပို့နိုင်သည့် အထက်ပါ တရုတ်အင်တာနက် ဆက်ကြောင်းသည် အမေရိကန်နိုင်ငံ၏ အမြန်ဆုံး အင်တာနက်ဆက်ကြောင်းထက် သုံးဆပိုမြန်ပြီး ကမ္ဘာပေါ်ရှိ အဓိကအင်တာနက်ဆက်ကြောင်းအများစုထက် ၁၀ ဆပိုမြန်ကြောင်း သိရသည်။




အဆိုပါ အင်တာနက်ဆက်ကြောင်းကို ဆင်ဟွာတက္ကသိုလ်မှ နည်းပညာရှင်များက ဟွာဝေးကုမ္ပဏီနှင့် ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အဆိုပါ အင်တာနက်ဆက်ကြောင်းကို ယခုနှစ် ဇူလိုင် ၃၁ ရက်တွင် စတင်စမ်းသပ်ခဲ့ပြီးနောက် ယခုသီတင်းပတ်အတွင်းမှာပင် တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က လေထုလွှာအတွင်း သဲမှုန်တိမ်တိုက်များတည်ရှိနေသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိ

**ဘရပ်ဆဲလ် နိုဝင်ဘာ ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် လေထုလွှာအတွင်း ထူးဆန်းသော သဲမှုန်တိမ်တိုက်များ တည်ရှိနေသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသော သတင်းအချက်အလက်များအရ WASP-107b အမည်ရှိ အဆိုပါဂြိုဟ်၏ လေထုလွှာအတွင်း ရေငွေ့၊ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် ဆီလီကိတ်သဲမှုန်တိမ်တိုက်များ တည်ရှိနေကြောင်း ဘယ်လ်ဂျီယံသိပ္ပံပညာရှင်များက ပြောကြားသည်။

WASP-107b ဂြိုဟ်သည် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားပြီးသမျှ သိပ်သည်းဆအနည်းဆုံး ဂြိုဟ်များထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်း၏ ကြာသပတေးဂြိုဟ် အရွယ်အစားလောက်ပင်ရှိသော်လည်း ဒြပ်ထုမှာမူ ကြာသပတေးဂြိုဟ်ဒြပ်ထု၏ ၁၂ ရာခိုင်နှုန်းခန့်သာ ရှိသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် သတင်းအချက်အလက်များအရ WASP-107b ဂြိုဟ်၏ လေထုလွှာအမြင့်ပိုင်းရှိ တိမ်တိုက်များကို ဆီလီကိတ်သဲမှုန်များဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၂၀၀ ခန့်အကွာတွင် တည်ရှိနေသည့် အဆိုပါဂြိုဟ် လေထုလွှာအတွင်းရှိ သဲမှုန်တိမ်တိုက်များမှာ ကမ္ဘာပေါ်၌ ရေငွေ့နှင့်တိမ်တိုက်များ ပေါ်ထွက်လာသည့်ပုံစံအတိုင်း ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## တရုတ်အပ်စိုက်ကုထုံးက အင်ပျဉ်ရောဂါ လူနာများအတွက် ရောဂါလက္ခဏာများလျှော့ချပေးနိုင်

**ပေကျင်း နိုဝင်ဘာ ၁၆**

တရုတ်အပ်စိုက် ကုထုံးသည် ပြင်းထန်သည့် အင်ပျဉ်ရောဂါ (Hive)ခံစားနေရသောလူနာများအတွက် ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ချန်ဒူးတက္ကသိုလ်မှ သုတေသန ပညာရှင်များသည် အင်ပျဉ်ပြဿနာရှိနေသူ ဦးရေ ၃၀၀ ကျော်တို့ကို အပ်စိုက်ကုထုံးဖြင့် စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ အပ်စိုက်ကုထုံးသည် အင်ပျဉ်ရောဂါ၏ ယားယံခြင်းကဲ့သို့ ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

အင်ပျဉ်ရောဂါ ဖြစ်ပွားပါက သိတင်းခြောက်ပတ်ကျော်ကြာမျှ အင်ပျဉ်ကွက်များ အရေပြားပေါ်တွင် ပေါ်လာခြင်း၊ ယားယံခြင်းများ ဖြစ်ပွားတတ်သည်။

အထူးသဖြင့် အင်ပျဉ်ရောဂါ ဖြစ်ပွားပါက လူနာ ၉၀ ရာခိုင်နှုန်းသည် ယားယံမှုပြဿနာကိုလျှော့ချရေးအတွက် အရေးပေါ်ကုသမှုများပြုလုပ်ပေးရန် လိုအပ်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များ၏အဆိုအရ အင်ပျဉ်ရောဂါကို ကမ္ဘာ့လူဦးရေစုစုပေါင်း၏ တစ်ရာခိုင်နှုန်း ခံစားနေရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နှလုံးရောဂါနှင့်လေဖြတ်မှု ကာကွယ်ရန် စတာတင်ဆေး နေ့စဉ်သုံးစွဲမှုနေရာတွင် Verve-101 ထိုးဆေး အစားထိုးအသုံးပြုလာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၆**

လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း နှလုံးရောဂါနှင့်လေဖြတ်မှုကိုကာကွယ်ရန် စတာတင် (Statin) ဆေး နေ့စဉ်သုံးစွဲမှုနေရာတွင် မျိုးဗီဇတည်းဖြတ်မှုနည်းပညာသုံး Verve-101 ထိုးဆေး အစားထိုးအသုံးပြုလာနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါ မျိုးဗီဇတည်းဖြတ်မှုနည်းပညာသုံး ထိုးဆေးသစ်သည် ကိုလက်စထရောထုတ် ဆဲလ်များအတွင်းရှိ မျိုးဗီဇမော်လီကျူးများကို ထိန်းချုပ်၍ ကိုလက်စထရောထုတ်ပေးမှုကို တားဆီးပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၎င်းထိုးဆေးကို ပဏာမစမ်းသပ်မှုများပြုလုပ်ခဲ့ရာ စမ်းသပ်မှုတွင် ပါဝင်သူများ၏ ဆိုးကျိုးပြု ကိုလက်စထရောစုစည်းမှုကို ၅၀ ရာခိုင်နှုန်းကျော်ထိလျှော့ချပေးနိုင်ကြောင်း သိရသည်။

Verve-101ဟူ၍ အမည်ပေးထားသည့် မျိုးဗီဇတည်းဖြတ်မှုနည်းပညာသုံးထိုးဆေး၏ အာနိသင်သက်ရောက်မှုသည် ခိုင်မာကြာရှည်မှုရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာတို့သည် နှလုံးရှုတ်တရက်ဖောက်မှု၊ လေဖြတ်မှုများကို ကာကွယ်ရန် ကိုလက်စထရောလျှော့ချရေးဆေးဖြစ်သည့် စတာတင်ကို နေ့စဉ်သုံးစွဲနေကြရသည်။

သို့ရာတွင် မိမိတို့၏တွေ့ရှိချက်များအရ Verve-101 ကုထုံးကို လာမည့် ၁၀ နှစ်အတွင်း စတာတင်ဆေးများနေရာ၌ အစားထိုးအသုံးပြုနိုင်မည်ဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်၌ မြန်မာအသင်းရှုံးနိမ့်

**တိုကျို နိုဝင်ဘာ ၁၆**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်) ဒုတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် ယနေ့ ညနေ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၁၆ မိနစ်အချိန်က ဂျပန်နိုင်ငံတွင် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ကျော်ဇင်ဖြိုး၊ ဟိန်းဖြိုးဝင်း၊ ကျော်မင်းဦး၊ နေမိုးနိုင်၊ မောင်မောင်လွင်၊ ဇွဲခန့်မင်း၊ ဝေလင်းအောင်၊ ဟိန်းဇေယျာလင်း၊ ဟိန်းထက်အောင်၊ သက်ဟိန်းစိုး၊ ဆွမ်လမန် အစရှိသည့် အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး ဂျပန်အသင်းက အဓိက ကစားသမားအများစုကို အနားပေးခဲ့ကာ အရန်ကစားသမားအများစုနှင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင်ဂျပန်အသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာအသင်းအတွက် ဂျပန်အသင်း၏ တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရပြီး ပွဲချိန်ကုန်ဆုံးခဲ့ရာ ပွဲချိန် ၁၁ မိနစ်နှင့် ၄၅ မိနစ်တွင် အူဒါကလည်းကောင်း၊ ပွဲချိန် ၂၈ မိနစ်တွင် ကာမာဒါကလည်းကောင်း ဂျပန်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကာ ပထမပိုင်းအပြီးတွင် ဂျပန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ဂျပန်အသင်းကပင် ခြေစွမ်းပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့ကာ မြန်မာအသင်း ခံစစ်ကစားသမားများ ခက်ခက်ခဲခဲထိန်းချုပ်ခဲ့သော်လည်း ပွဲချိန် မိနစ် ၅၀ တွင် အူဒါကလည်းကောင်း၊ ပွဲချိန် ၈၆ မိနစ်တွင် ဒွန်းကလည်းကောင်း ဂျပန်အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဂျပန်အသင်းက မြန်မာအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ယူရိုခြေစစ်ပွဲ အုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်

ML

**လက်ဗီးယား Vs ခရိုအေးရှား**

**ကစားမည့်ရက်/အချိန် ၁၈-၁၁-၂၀၂၃ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ခရိုအေးရှား ၅ - ၀ လက်ဗီးယား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လက်ဗီးယား** | – | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ခရိုအေးရှား** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

လက်ဗီးယားအသင်းဟာ အခုအုပ်စုမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၇ ဂိုးနဲ့ အုပ်စုအောက်ဆုံးမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ခရိုအေးရှားကတော့ ကစားသမားစုဖွဲ့မှုနဲ့ အစဉ်အလာကောင်းတဲ့အသင်းဖြစ်ပေမဲ့ ဒဏ်ရာရကစားသမားများနေတာကြောင့် တိုက်ရိုက်ဝင်ခွင့်ရဖို့ လာမဲ့ပွဲစဉ်တွေကို ရှုံးလို့မရတော့ပါဘူး။ ဒါကြောင့် ယူရိုပြိုင်ပွဲအတွေ့အကြုံနဲ့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ခရိုအေးရှားအသင်း အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – လက်ဗီးယား ၁ – ၃ ခရိုအေးရှား**

## အားကစားသတင်း အတိုအထွာများ

- ဘာရာဇီးလက်ရွေးစင်အသင်းတွင် နေမာ၏နေရာကိုဖြည့်ဆည်းနိုင်မည့် လူငယ်ကစားသမား ပေါ်ထွက်လာခြင်းမရှိသေးသော်လည်း အသင်းအနေဖြင့် စိုးရိမ်စရာမရှိကြောင်း နည်းပြဒန်းနစ်က ပြောကြားခဲ့သည်။
- လေဗာကူဆင်အသင်းတွင် ခြေစွမ်းပြသနေသည့် ခံစစ်ကစားသမားဂရီမယ်ဒိုက ၎င်းအနေဖြင့် စပိန်လာလီဂါတွင်ပြန်လည်ကစားရန်ဆန္ဒရှိနေပြီး ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ပြင်သစ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရခဲ့သည့်ကာမာဗင်ဂါ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ရောက်ရှိ



**မက်ဒရစ် နိုဝင်ဘာ ၁၆**

ရီးရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ကာမာဗင်ဂါသည် ယူရိုခြေစစ်ပွဲကစားရန် ပြင်သစ်အသင်းလူစာရင်းတွင် ရွေးချယ်ခံခဲ့ရသော်လည်း ဗုဒ္ဓဟူးနေ့ကပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရပြီး ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ပြင်သစ်အသင်းနှင့်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် အသင်းဖော်ကစားသမားဒမ်ဘီလီနှင့် ထိခိုက်မိခဲ့သဖြင့် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် လေ့ကျင့်ရေးအစီအစဉ်မှ ထွက်ခွာခဲ့ရကာ ကနဦးစစ်ဆေးမှု ပြုလုပ်ခဲ့ရာတွင် ဒဏ်ရာသက်သာမှု ရှိသော်လည်း နောက်တစ်ကြိမ်စကန်ဖတ်စစ်ဆေးခဲ့ရာ နာကျင်မှုရှိလာသောကြောင့် အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်အသင်းနည်းပြအဖွဲ့ဝင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်အသင်းသည် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ယူရိုခြေစစ်ပွဲစဉ်များအဖြစ် ဂျီဘရော်တာအသင်း၊ ဂရိအသင်းတို့နှင့် ကစားရမည်ဖြစ်သော်လည်း အသင်းအနေဖြင့် ခြောက်ပွဲကစားအပြီး ရမှတ်ပြည့်ရရှိခဲ့သောကြောင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ကွင်းလယ်ကစားသမားချူအာမန်နီကိုလည်း ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရပြီး ကာမာဗင်ဂါ၏ ဒဏ်ရာအခြေအနေကို စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ဒဏ်ရာပြင်းထန်သည့် လက္ခဏာပြသခြင်းမရှိသော်လည်း တရားဝင် ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# တိုက်စစ်မှူးဂီရက်ဆီကို စာချုပ်ဖျက်သိမ်းကြေးပေး၍ ခေါ်ယူရန်အသင့်ရှိကြောင်း အေစီမီလန်အသင်းပြောကြား

**မီလန် နိုဝင်ဘာ ၁၆**

အေစီမီလန် အသင်းသည် တိုက်စစ်ပိုင်းတွင် အသက်အရွယ်ရလာသည့် ဂီရော့ဒ်၏ နေရာတွင် အစားထိုးရန်အတွက် တိုက်စစ်မှူး ဂီရက်ဆီကိုခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေပြီး စာချုပ်ဖျက်သိမ်းကြေးပေး၍ ခေါ်ယူရန်အသင့်ရှိသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိ အေစီမီလန်အသင်း တိုက်စစ်ပိုင်းတွင် ဂီရော့ဒ်သည် လာမည့်နှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အပြင် တိုက်စစ်မှူး လူကာဂျိုဗစ်သည်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိသောကြောင့် စတုဂတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဂီရက်ဆီကို ခေါ်ယူရန် ထပ်မံကြိုးပမ်းလျက်ရှိသည်။

ဂီရက်ဆီသည် စတုဂတ်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ၎င်းအတွက် စာချုပ်ဖျက်သိမ်းကြေးမှာ ၁၇ ဒသမ ၅ သန်းသာ ရှိသောကြောင့် ဥရောပထိပ်သီးအသင်းများအပါအဝင် ကလပ်အသင်းအများစုက ပေးချေနိုင်သည့် ပြောင်းရွှေ့ကြေးဖြစ်သဖြင့် ကမ်းလှမ်းမှုများရှိနေသော်လည်း အေစီမီလန်အသင်းက ဂီရက်ဆီကို ခေါ်ယူရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြား၍ တရားဝင်ဆွေးနွေးမှုစတင်ရန် စီစဉ်လျက်ရှိသည်။

တိုက်စစ်မှူး ဂီရက်ဆီသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် စတုဂတ်အသင်းနှင့်အတူ ကိုးပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူ၍ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဘွန်ဒက်လီဂါတွင် ဒုတိယမြောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကာ အသင်းကို အမှတ်ပေးဇယားအဆင့်(၃)သို့ရောက်ရှိအောင် ၎င်း၏သွင်းဂိုးများဖြင့် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ရေဗားပလိတ်နည်းပြဟောင်း ဂယ်လာဒိုကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရခဲ့ကြောင်း အယ်အီသီဟတ်အသင်းထုတ်ပြန်



**ရီယာ့ဒ် နိုဝင်ဘာ ၁၆**

ဆော်ဒီအာရေဗျကလပ် အယ်အီသီဟတ်အသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က နည်းပြဆန်းတိုစ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ယခုအခါ ရေဗားပလိတ်အသင်းနည်းပြဟောင်း ဂယ်လာဒိုကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကာ ချန်ပီယံဆုကို ကာကွယ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

နည်းပြ ဂယ်လာဒိုသည် အယ်အီသီဟတ်အသင်းတွင် ဘင်ဇီးမား၊ ဖာဘင်ဟို၊ ကန်တီ စသည့်ခြေစွမ်းပြကစားသမားများရှိနေသောကြောင့် ကမ်းလှမ်းမှုကိုလက်ခံခဲ့ပြီး ၁၈ လ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၄၇ နှစ်ရှိ နည်းပြ ဂယ်လာဒိုသည် အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်းတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ တာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် ကိုပါလီဘာတာဒိုရက်စ် ဆုဖလား သုံးကြိမ်အပါအဝင် အဓိကဆုဖလား ၁၄ လုံးထိရယူပေးနိုင်ခဲ့ပြီး နည်းပြသက်တမ်းတစ်လျှောက်တွင်လည်း ပြိုင်ပွဲစုံ ၄၂၅ ပွဲ တာဝန်ယူခဲ့ရာတွင် ၂၂၈ ပွဲနိုင်၊ ၁၁၁ ပွဲသရေ၊ ၈၆ ပွဲ ရှုံးရလဒ်ရရှိခဲ့ကာ ရေဗားပလိတ်အသင်းနှင့်အတူ အောင်မြင်မှုအများဆုံးရယူနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အယ်အီသီဟတ်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၁၃ ပွဲတွင် ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးဖြင့် အဆင့်(၅)နေရာတွင်ရောက်ရှိနေသကဲ့သို့ အမှတ်ပေးဇယားတွင် ဦးဆောင်နေသည့် အယ်ဟိုင်လာအသင်းနှင့် ရမှတ် ၁၁ မှတ်ကွာဟနေသဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် ခက်ခဲလာသောကြောင့် နည်းပြဆန်းတိုစ်နှင့်လမ်းခွဲခဲ့ခြင်းဖြစ်ပြီး လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် အော့ကလန်အသင်းနှင့်ကစားရမည့် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲမတိုင်မီ နည်းပြဂယ်လာဒိုကို ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# MFF Rhino Futsal Championship 2023 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် MFF Rhino Futsal Championship 2023 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ Rhino Sport Myanmar မှ တာဝန်ရှိသူများနှင့် ဖူဆယ်အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲမွန်ထွဋ်က အမှာစကားပြောကြားခဲ့ပြီးနောက် Rhino Sport Myanmar မှ အထွေထွေမန်နေဂျာ ဦးလှထွန်းကျော်က စပွန်ဆာပေးအပ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အခမ်းအနားတက်ရောက်လာကြသည့် တာဝန်ရှိသူများက ဘောလုံးများကို ကွင်းအတွင်းကန်သွင်းကာ အခမ်းအနားဖွင့်လှစ်ပေးခဲ့ပြီးနောက် ကစားသမားများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် MFF Rhino Futsal Championship 2023 ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် VUC FC အသင်းနှင့် Naka FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **STA**

# အာဆင်နယ်အသင်းနှင့် စာချုပ်ကုန်ဆုံးပါက စီးရီးအေတွင်ပြန်လည်ကစားမည်ဟု ဂျော်ဂျင်ဟိုပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၆**

အာဆင်နယ်အသင်း ခံစစ်ကစားသမားဂျော်ဂျင်ဟိုက အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက စီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ကစားသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ဂျော်ဂျင်ဟိုသည် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ လန်ဒန်မြို့ခံ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းနှင့် ၂၀၂၄ ခုနှစ် ဇွန်လအကုန် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဂျော်ဂျင်ဟိုသည် နာပိုလီအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၁၈ခုနှစ်က နာပိုလီအသင်းမှ ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ချဲလ်ဆီးအသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ခြောက်နှစ်ကြာ ကစားခဲ့ပြီးနောက် အာဆင်နယ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ဂျော်ဂျင်ဟိုတို့ချုပ်ဆိုထားသည့် စာချုပ်အရ အာဆင်နယ်အသင်းအနေဖြင့် တစ်နှစ် သက်တမ်းတိုးခွင့်အချက်ပါရှိသော်လည်း ဂျော်ဂျင်ဟိုကိုယ်တိုင်က အာဆင်နယ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရေးထက် စီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ကစားလိုသည့်အတွက် အာဆင်နယ်အသင်းက သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းခဲ့ပါက ပယ်ချပြီး စီးရီးအေထိပ်သီးအသင်းတစ်သင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံဆုကာကွယ်ပွဲစဉ်အတွက် အဲရိုလ်စပန့်ကို မကျေပွဲထိုးသတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ခရော့ဖို့ဒ်ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

ကမ္ဘာ့ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန် လက်ဝှေ့သမားများဖြစ်ကြသည့် ခရော့ဖို့ဒ်နှင့် အဲရိုလ်စပန့်တို့ ဇူလိုင် ၂၉ ရက်က ထိုးသတ်ခဲ့ရာ ခရော့ဖို့ဒ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံ ဖြစ်ခဲ့ပြီး ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့် အဲရိုလ်စပန့်သည် ခရော့ဖို့ဒ်ကို မကျေပွဲထိုးသတ်ရန် စိန်ခေါ်ခွင့်မရှိတော့သည့် အခြေအနေဖြစ်ခဲ့သော်လည်း ခရော့ဖို့ဒ်က အဲရိုလ်စပန့်အနေဖြင့် ၎င်းဆုံးရှုံးခဲ့ရသော ခါးပတ်များကို ပြန်လည်ရယူလိုသည့်ဆန္ဒရှိပါက မကျေပွဲထိုးသတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ခရော့ဖို့ဒ်သည် ချန်ပီယံကာကွယ်ပွဲစဉ်အတွက် စိန်ခေါ်မှုများလက်ခံရရှိထားသော်လည်း စိန်ခေါ်လာသည့်ပြိုင်ဘက်များမှာ တက်သစ်စလက်ဝှေ့သမားများဖြစ်သည့်အတွက် စိန်ခေါ်မှုများကို လက်ခံသွားရန် ဆန္ဒမရှိသဖြင့် အဲရိုလ်စပန့်နှင့်သာ မကျေပွဲစဉ်ထိုးသတ်သွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။



လက်ရှိ အနားယူနေသည့် ခရော့ဖို့ဒ်က ၎င်းအတွက် လာမည့်စိန်ခေါ်ပွဲမှာ အခြားသောပြိုင်ဘက်များနှင့်ထိုးသတ်သွားမည်မဟုတ်ဘဲ အဲရိုလ်စပန့်ကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခရော့ဖို့ဒ်က "စိန်ခေါ်မှုတွေ လက်ခံရရှိထားပါတယ်။ ဒါပေမဲ့ စိန်ခေါ်လာတဲ့ ပြိုင်ဘက်တွေထဲမှာ ကျွန်တော်စိတ်ဝင်စားတဲ့ ပြိုင်ဘက်မျိုးမပါလာဘူး။ ဒါကြောင့် စိန်ခေါ်မှုတွေ တစ်ခုမှကို လက်ခံထားတာမရှိပါဘူး။ လောလောဆယ်တော့ အနားယူနေသလို စီစဉ်ထားတဲ့ စိန်ခေါ်ပွဲမရှိပါဘူး။ စိန်ခေါ်ပွဲရှိလာရင်လဲ အဲရိုလ်စပန့်နဲ့ပဲဖြစ်လိမ့်မယ်။ အဲရိုလ်စပန့်ကို မကျေပွဲစဉ်ထိုးသတ်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ဘယ်အချိန်၊ ဘယ်နေရာမှာထိုးသတ်မလဲဆိုတာတော့ အဲရိုလ်စပန့်ဘက်က အဆင်သင့်ဖြစ်တဲ့အချိန် ဆွေးနွေးညှိနှိုင်းသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ATP Finals ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မျက်ဒဗျက်က အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ရမည်

**တူရင် နိုဝင်ဘာ ၁၆**

အီတလီနိုင်ငံ တူရင်မြို့၌ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်က စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်သည် အုပ်စုအတွင်း နိုင်ပွဲနှစ်ပွဲ ရရှိထားသည့်အတွက် ဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ရန် သေချာနေပြီဖြစ်ပြီး အယ်ကာရက်ဇ်အနေဖြင့် နိုင်ပွဲရရှိမှသာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်မည့် အခြေအနေဖြစ်နေသည်။

အယ်ကာရက်ဇ်သည် အုပ်စုအတွင်း ပထမပွဲစဉ်အဖြစ် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဇီရက်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရှုံးနိမ့်ခဲ့ပြီး အုပ်စုတွင်းဒုတိယပွဲစဉ်အဖြစ် ရုရှားတင်းနစ်ကစားသမား ရူဘလက်ဗ်ကို အနိုင်ရထားသည့်အတွက် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည်။

မျက်ဒဗျက်သည် အုပ်စုတွင်း ပထမပွဲစဉ်အဖြစ် ရူဘလက်ဗ်ကို အနိုင်ရရှိထားပြီး အုပ်စုတွင်းဒုတိယပွဲစဉ်အဖြစ် အလက်ဇန်းဒါးဇီရက်ဖ်ကိုအနိုင်ရရှိကာ အုပ်စုပထမနေရာတွင် ရပ်တည်နေသည်။

မျက်ဒဗျက်က "ATP Finals တင်းနစ်ပြိုင်ပွဲဟာ ခက်ခဲတဲ့ပြိုင်ပွဲတစ်ရပ်ဖြစ်တဲ့အတွက် အကောင်းဆုံးပုံစံမှာရှိနေဖို့ လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အုပ်စုအဆင့်ကို ကျော်ဖြတ်ခွင့်ရထားပေမဲ့ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာ မဖြစ်မနေ အနိုင်ရလဒ်ရအောင် ကြိုးစားကစားသွားမှာပါ။ အယ်ကာရက်ဇ်နဲ့ပွဲစဉ်မှာ ကျွန်တော့်ရဲ့အကောင်းဆုံးပုံစံတွေပြသနိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့် ပွဲစဉ်များကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်များအဖြစ်သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲများ၏ (လူရွေးပွဲ)ပွဲစဉ်များတွင် ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင် သရုပ်ပြသခဲ့ကြပြီး သုံးယောက်တွဲပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ် အသင်းတို့ကလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ဒေသကြီးအသင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်းနှင့်ကရင်ပြည်နယ် အသင်းတို့က ဗိုလ်လုပွဲသို့အသီးသီး တက်ရောက်ခဲ့ကြသည်။

ဆက်လက်ပြီး ကိုးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်း ဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ သရုပ်ပြသယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ရမှတ် ၇၄ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယဆုကို ကရင်ပြည်နယ်အသင်းက ရမှတ် ၇၁ ဒသမ ၅၀ မှတ်ဖြင့်လည်းကောင်း၊ တတိယဆုကို ကချင်ပြည်နယ်အသင်းက ရမှတ် ၇၁ မှတ်ဖြင့်လည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။ **STA**

ခရီးသွားဆောင်းပါး

# ထိုင်တော်မူကိုလဲဖူး အလံတစ်ရာကလဲထူး

သက်နိုင်(မြင်ဦးလွင်)

မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေကို ခရီးစဉ်ရေးဆွဲပြီး ထွက်လာခဲ့ကြတာ ကျိုက်ထီးရိုးစေတီရှိရာကို ရောက်ရှိနေကြပါပြီ။ ရောက်ရောက်ချင်း ဘုရားဖူးညှိသည်တွေ ရှင်းလင်းနေတဲ့စေတီတော်ကြီးကို အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် တဝကြီး ဖူးမြော်အပြီး ဈေးဆိုင်တန်းတွေရှိရာကို ထွက်လာခဲ့ကြတယ်။ ဈေးဆိုင်တန်းတွေကလဲ ပိတ်တစ်ဝက်၊ ဖွင့်တစ်ဝက်နဲ့ ကျိုးတိုးကျဲတဲ အေးအေးစက်စက်ပါ။ ဒါကြောင့် ဈေးတန်းနေရာကနေ မုဆိုးတောင်ဘုရားကို ရှင်းရှင်းလင်းလင်း၊ ထင်ထင်ရှားရှား မြင်တွေ့နေရတယ်။ အခုတစ်ခေါက် ကျိုက်ထီးရိုးဘုရားခရီးစဉ်မှာ ပါလာကြတဲ့သူတွေက အသက်အရွယ်ကြီးတဲ့ ခရီးဖော်လူကြီးတွေဖြစ်နေတာကြောင့် စေတီတော်ကြီးပတ်ဝန်းကျင်အနီးနားတစ်ဝိုက်မှာရှိနေကြသေးတဲ့ မုဆိုးတောင်ဘုရားတို့၊ ကျီးကန်းပါးစပ်တို့ စတဲ့နေရာတွေကို မသွားဖြစ်ကြတော့ပါဘူး။

ဒါ့ပြင် ကျိုက်ထီးရိုးဘုရားက လွန်ခဲ့တဲ့အနှစ် ၂၀ ကျော် ၂၀၀၀ ပြည့်နှစ်တုန်းက ရောက်ရှိခဲ့တဲ့အခြေအနေတွေနဲ့ အခုအခြေအနေတွေ သိသိသာသာ ပြောင်းလဲကွာခြားသွားတာကို တွေ့မြင်သတိထားမိနေသလို အရင်ရောက်ခဲ့တဲ့ ခရီးစဉ်ကိုလဲ တမ်းတလွမ်းမိနေရတယ်။ အဲဒီတုန်းက တောင်တက်ကားတွေ မရှိကြသေးပါဘူး။ တောင်ပေါ် တောလမ်းခရီးအတိုင်း ခြေကျင်လျှောက် တက်ရောက်ခဲ့ကြရတယ်။ အခု တောင်တက်ကားနဲ့ တစ်နာရီလောက်သာ မောင်းနှင်တက်ရောက်ရတဲ့ခရီးကို မွန်းလွဲ ၁ နာရီကစပြီး ည ၁၀ နာရီထိ ကိုးနာရီကြာအောင် ပင်ပင်ပန်းပန်း တက်ရောက်ခဲ့ကြရတယ်။ ဒါပေမဲ့ ပင်ပန်းခက်ခဲသလောက် ဗဟုသုတအတွေ့အကြုံတွေ၊ ပျော်စရာရွှင်စရာတွေ တွေ့ကြုံခံစားခဲ့ရတယ်။ လမ်းတစ်လျှောက် နားနေစခန်းကဆိုင်တွေမှာ စားလိုက်သောက်လိုက်၊ ဆိုင်တွေထဲထိ မဝင် ဝင်အောင်၊ မရောက်ရောက်အောင်၊ မစား စားအောင် အတင်းလက်ဆွဲခေါ်ယူနေတဲ့ ဆိုင်ရှင်တွေလား၊ စားပွဲထိုးတွေလား ကွဲကွဲပြားပြားမသိရတဲ့ ကောင်မကလေးတွေနဲ့ ရန်ဖြစ်လိုက်၊ ဆက်တက်လိုက်၊ ညမှောင်လာတဲ့အခါ ဆီအပြည့်ပါတယ်ဆိုပြီး လိမ်ညာရောင်းတဲ့ မီးတိုင်တွေကို ဝယ်လိုက်၊ ထွန်းလိုက်၊ ငြိမ်းလိုက်နဲ့တောင်ပေါ်ကို ရောက်ရှိလာခဲ့ကြတယ်။

တောင်ပေါ်ကိုရောက်တဲ့အခါမှာလဲ တည်းခို အိပ်စက်စရာ အခန်းတစ်ခန်းရဖို့ မလွယ်ကူပါဘူး။ အတင်းပြောဆို ဈေးကြီးကြီးပေးမှ ရရှိခဲ့တယ်။ အခန်းမရတဲ့သူတွေက ရင်ပြင်ပေါ်မှာဖြစ်သလို အိပ်စက်နေကြရတာကိုလဲ တွေ့မြင်နေရတယ်။ တစ်ညတာအတွက် ခေါင်းအုံးတစ်လုံးငှားခ ငွေကျပ် ၁၀၀၊ စောင်တစ်ထည်ငှားခ ငွေကျပ် ၁၀၀၊ သန့်စင်ခန်းသွားရင် ရေတစ်ဖလားကို ငွေ ၁၀ ကျပ်၊ မျက်နှာသစ်ရင် ရေတစ်ဖလားကို ငွေ ၁၀ ကျပ်နဲ့ သုံးစွဲခဲ့ကြရတာကိုလဲ မှတ်မိနေသေးတယ်။ စေတီတော်ကြီးအနီးမှာ လူတွေအပြည့်၊ ရင်ပြင်တော်ပေါ်မှာ လူတွေအပြည့်၊ ဈေးဆိုင်တန်းတွေ၊ တည်းခိုခန်းတွေမှာလဲ လူတွေအပြည့်နဲ့ တိုးဝှေ့သွားလာကြရတာကိုလဲ သတိရမိနေသေးတယ်။ ဒါပေမဲ့ တောင်ပေါ်မှာ နှစ်ညအိပ်ပြီး သွားလာစရာ၊ လေ့လာစရာ နေရာအားလုံးကို အနှံ့အပြားရောက်ရှိခဲ့ကြရတယ်။

အခုတစ်ခေါက် ရောက်ရှိလာတဲ့အချိန်မှာ နေရာတိုင်းလိုလို ရှင်းလင်းတိတ်ဆိတ် ခြောက်ကပ်နေတဲ့အပြင် ဘယ်ကိုမှလဲ မသွားမလာနိုင်တော့တာကြောင့် စေတီတော်ကြီးအနီးမှာပဲ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်နဲ့ အချိန်ကုန်သွားကြရတယ်။ ဒီလို အချိန်ရနေလို့လဲ စေတီတော်ကြီးကို မြင်ကွင်းအဖုံဖုံ၊ ရှုထောင့်အစုံစုံကနေ ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ကြတယ်။ တောင်ပေါ်ကို ရောက်ရောက်ချင်း ရာသီဥတုကြည်လင်သာယာပြီး နေကောင်းကောင်းပူနေလို့ စေတီတော်ကြီးကို နေရောင်ခြည်အောက်မှာ ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့ခဲ့ရတယ်။ ဈေးဆိုင်တန်းတွေကနေ ပြန်လာခဲ့ကြပြီး တစ်ခဏအကြာမှာ မြူတွေရစ်ဆိုင်းလာပြီး မကြာခင်မှာ စေတီတော်ကြီးတစ်ခုလုံးကို တဖြည်းဖြည်းနဲ့ဖုံးအုပ်သွားခဲ့တာကြောင့် မြူတွေ၊ နှင်းတွေကြားက စေတီတော်ကြီးကိုလဲ ဖူးမြော်ခွင့်ရရှိခဲ့ပြန်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၁၅ ပေမြင့်တဲ့ ကျိုက်ထီးရိုးတောင်ပေါ်မှာ နေပူလိုက်၊ မြူထလိုက်၊ နှင်းကျလိုက်၊ မိုးရွာလိုက် ဆိုတာတွေက မကြာခဏဖြစ်ပေါ်ပြောင်းလဲနေတဲ့ ရာသီဥတုအခြေအနေတွေပါ။ အခုလဲ မြူတွေ၊ နှင်းတွေ ကျလာပြီးတာနဲ့ မိုးရွာတော့မဲ့ အရိပ်အယောင်တွေ သန်းနေပါပြီ။

ဘုရားလဲဖူးပြီး လေ့လာစရာ ရှိတာတွေကိုလဲ လေ့လာပြီးတာနဲ့မိုးရွာတော့မှာဖြစ်လို့ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြတယ်။ တောင်အဆင်း ကားပေါ်ရောက်ပြီး ကားစတင်ထွက်ခွာတာနဲ့ မိုးတွေသဲသဲမဲမဲရွာချတော့တာပါ။ ကျိုက်ထီးရိုးမှာ နေပူနေတဲ့အခြေအနေ၊ မြူတွေ၊ နှင်းတွေကျတဲ့ အခြေအနေ၊ မိုးတွေရွာတဲ့အခြေအနေတွေကို တစ်မနက်တည်း ရရှိခံစားလိုက်ရတယ်။ မိုးတွေရွာနေပေမဲ့ မိမိတို့စီးလာတဲ့ အဆင်းကားက မရပ်မနားမောင်းနှင် ဆင်းသက်နေသလို အတက်ကားတွေကလဲ အဆက်မပြတ်တက်လာနေတာကို တွေ့မြင်နေရတယ်။ တောင်ပေါ်အတွေ့တစ်နေရာကနေ လှမ်းမျှော်မြင်တွေ့ရတဲ့ မြင်ကွင်းအရ တောင်အောက်မှာ မိုးမရွာဘဲ နေသာနေတဲ့အတိုင်း တောင်အောက်ကို တကယ်ရောက်လာတော့လဲ နေပူနေတယ်။ မိုးက တောင်ပေါ်မှာပဲ ရွာသွန်းနေတာပါ။ ဒါကြောင့် တောင်ဆင်း၊ တောင်တက် ကားလမ်းအချို့နေရာတွေမှာ တောင်ကျချောင်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရေတံခွန်တွေကို မြင်တွေ့ခွင့်ရရှိခဲ့တယ်။



ကျိုက်ထိုမြို့ရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးကို တွေ့ရစဉ်။

အနယ်နယ်အရပ်ရပ်က ခရီးသွားညှိသည်တွေ အဆက်မပြတ် ဝင်ချည်ထွက်ချည် သွားလာနေကြတဲ့ အထင်ကရ နေရာတစ်ခုဖြစ်တဲ့အတိုင်း ကားဂိတ်မှာ ကားရပ်လိုက်တာနဲ့ ဘာစားမလဲ၊ ဘာဝယ်မလဲ၊ ထမင်းစားသွားကြပါ၊ လက်ဆောင်ပစ္စည်းတွေကို အမှတ်တရ ဝယ်ယူသွားကြပါ စတဲ့ဈေးခေါ်၊ ဈေးကြိုတွေ ဝိုင်းအုံလာကြတယ်။ အချိန်က မနက် ၁၁ နာရီ ကျော်နေပါပြီ။ မိမိတို့ခရီးဖော်တွေအနေနဲ့ နေ့လယ်စာထမင်းစားသောက်ဖို့ ဗိုက်မဆာသေးတာနဲ့ ကောင်းနိုးရာရာ အမှတ်တရ လက်ဆောင်ပစ္စည်းတွေဝယ်ယူပြီး ရှေ့ခရီးကို ဆက်ခဲ့ကြတယ်။ ကျိုက်ထိုမြို့ကို ဝင်ရောက်လာချိန်ကစပြီး မကြာခဏ လှမ်းမျှော်မြင်တွေ့ဖူးမြော်နေရတဲ့ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးရှိရာကို သွားရောက်ကြမှာပါ။

ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးက ကျိုက်ထို-ကျိုက်ထီးရိုးသွား ကားလမ်းဘေးမှာရှိနေလို့ ဝင်ရောက်ဖူးမြော်ရတာ အဆင်ပြေပါတယ်။ ရုပ်ပွားတော်ကြီးရှိရာကိုလဲ မိနစ်ပိုင်းလောက်သာ ကားမောင်းပြီး ရောက်လာကြတယ်။ သတ်မှတ်ကားရပ်နားစခန်းမှာ ကားရပ်ပြီးတာနဲ့ ရုပ်ပွားတော်ကြီးရှိရာကို သွားရောက်ဖူးမြော်လို့ ရပါပြီ။ ရုပ်ပွားတော်ကြီးက အတော်အတန်မြင့်တဲ့ကုန်းအထက်ပေါ်မှာ တည်ထားတာကြောင့် စောင်းတန်းလှေကားထစ်တွေအတိုင်း ဒါမှမဟုတ် တောင်တက်ကားငယ်လေးတွေစီးပြီး တက်ရောက်နိုင်ပါတယ်။ ကားစီးခနှုန်းက တစ်ယောက်ကို ငွေကျပ် ၁၀၀၀ ပါ။ ဒါပေမဲ့ ကားတစ်စီးကို အနည်းဆုံး လူငါးယောက် ပြည့်မှထွက်တာမို့ မိမိတို့အဖွဲ့ခရီးဖော်လေးယောက်က တစ်ယောက်စီးခပိုပေးပြီး ထွက်လာခဲ့ရတယ်။ ကားမစီးဘဲ လှေကားထစ်တွေအတိုင်း တက်ရင် အချိန်အနည်းငယ်သာ ပေးရမှာဖြစ်ပေမဲ့ နေအပူရှိန်ပြင်းထန်နေတာရယ်၊ အသက်အရွယ်ကြီးသူတွေ ပါနေတာရယ်ကြောင့် ကားနဲ့ပဲ တက်ရောက်လာခဲ့ကြတယ်။

ရုပ်ပွားတော်ကြီးက ၂၅၅ ဒသမ ၆ ပေမြင့်ပါတယ်။ ဘုရားပွဲတော်ကို နှစ်စဉ် ဧပြီ ၇ ရက်ကစပြီး သင်္ကြန်ကာလအတွင်းမှာ ကျင်းပလေ့ရှိနေတယ်။ ရုပ်ပွားတော်ကြီးရဲ့အောက်ခြေမှာ ဓမ္မသဘင်တွေ ဆင်ယင်ကျင်းပလို့ရတဲ့ ခန်းမကျယ်ကြီးအဖြစ် တည်ဆောက်ထားတယ်။ မုံရွာမြို့ ဇောတိကတောင်မှာရှိတဲ့ ရုပ်ပွားတော်ကြီးတွေလို အပေါ်အထပ်အဆင့်ဆင့်ကို တက်ရောက်ခွင့်မရှိဘဲ အပေါ်ထပ်တွေမှာ ဌာပနာတိုက်အဖြစ်သာ သတ်မှတ်ထားရှိတယ်။ စေတီတော်ကြီးက မြင့်မားလွန်းတာကြောင့် ဉာဏ်တော်တစ်ခုလုံးကို ထင်ထင်ရှားရှား မြင်တွေ့နိုင်တဲ့ မျက်နှာတော်ရှေ့တည့်တည့်နေရာမှာ အာရုံခံတန်ဆောင်းလိုလို၊ ဇရပ်ဆောင်လေးတွေလိုလို အဆောက်အအုံငယ်လေးတွေကို ဆောက်လုပ်ပေးထားတယ်။ အမိုးသာပါပြီး အကာအရံမရှိတဲ့ အဆောက်အအုံလေးတွေထဲကနေ ရုပ်ပွားတော်ကြီးကို ဖူးမြော်ကန်တော့ကြရတယ်။

ရုပ်ပွားတော်ကြီးကို ဖူးမြော်နေတဲ့အချိန်မှာ နေကအလွန်ပူပြင်းပြီး နောက်ထပ် လေ့လာကြည့်ရှုစရာ ထူးထူးခြားခြားနေရာတွေ မရှိတော့လို့ ဖူးမြော်ကြည်ညိုပြီးကြတာနဲ့ နေ့လယ်စာ ထမင်းစားသောက်ဖို့ထွက်လာခဲ့ကြတယ်။ ရှေ့ခရီးစဉ်အရ ထမင်းစားသောက်ပြီးတာနဲ့ အလံတစ်ရာဘုရားကို ဝင်ရောက်ဖူးမြော်ကြမယ်၊ ပြီးရင် ကျိုက်ထို-သထုံ-ဘားအံလမ်းအတိုင်း မောင်းနှင်လာပြီး သာမညမှာ ညအိပ်ရပ်နားကြမယ် စတဲ့အစီအစဉ်တွေကြောင့် နေ့လယ်စာထမင်းစားသောက်ကြဖို့အတွက် ကျိုက်ထိုမြို့ထဲထိ မသွားကြတော့ဘဲ လမ်းဘေးတစ်နေရာက အဆင်ပြေတဲ့ဆိုင်တစ်ဆိုင်မှာ စားသောက်လိုက်ကြတယ်။ ဆိုင်က သာမန်မြန်မာထမင်းဟင်းဆိုင်ပါ။ ဒါပေမဲ့ ဆိတ်ရိုးတွေနဲ့ချက်ထားတဲ့ ကုလားပဲဟင်းရည်ပူပူက အလွန်အရသာရှိတာကြောင့် တစ်ပွဲပြီးတစ်ပွဲ မှာယူစားသောက်ကြရတယ်။ ဆိတ်ရိုးကုလားပဲဟင်းရည်ကြောင့် မထင်မှတ်ဘဲ ထမင်းစားကောင်းခဲ့ရတယ်။

ထမင်းစားသောက်ပြီးတာနဲ့ အလံတစ်ရာဘုရားရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ တစ်ကြိမ်တစ်ခါမှ ရောက်ဖူးရောက်စမရှိကြသေးလို့ အလံတစ်ရာဘုရား ဘယ်နားမှာလဲမေးမြန်းစုံစမ်းတဲ့အခါ တချို့က နီးတယ်ပြောလိုက်၊ တချို့က ဝေးတယ်ပြောလိုက်နဲ့မို့ စမ်းတဝါးဝါး မောင်းနှင်နေရင်းသဲကြီးမဲကြီး ရွာချနေတဲ့မိုးနဲ့ ထပ်မံကြုံတွေ့ရပြန်တယ်။ မွန်ပြည်နယ်က ပင်လယ်နဲ့နီးတဲ့ဒေသဖြစ်နေတာကြောင့် အခု နေပူလိုက်၊ အခု မိုးရွာလိုက်နဲ့ ရာသီဥတုအခြေအနေက အမျိုးမျိုးဖြစ်ပေါ်ပြောင်းလဲနေတယ်။

အလံတစ်ရာဘုရားရှိရာကို မေးမြန်းစုံစမ်းမောင်းနှင်လာရင်းနဲ့ ဘီးလင်းမြို့ကို ရောက်ရှိလာကြတယ်။ အလံတစ်ရာဘုရားကိုတော့ မရောက်ကြသေးပါဘူး။ နေ့လယ်စာထမင်းစားပြီးကတည်းက ကျိုက်ထိုမြို့ကနေ မောင်းနှင်လာခဲ့တာ ဘီးလင်းမြို့ရောက်တဲ့ထိ ၁၈ မိုင်ခရီးပေါက်နေပါပြီ။ ဘီးလင်းမြို့ကို ရောက်ရှိလာတော့လဲ မြို့အဝင်ဆိုင်းဘုတ်မှာ မှတ်တမ်းဓာတ်ပုံတွေရိုက်ကြပြီး မြို့အနေအထားကို လေ့လာကြတယ်။ ဘီးလင်းမြို့က သာမန်မြို့ငယ်လေးတစ်မြို့ ဖြစ်နေသလို လမ်းမကြီးတစ်လျှောက်မှာသာ စည်စည်ကားကားဖြစ်နေတာကို တွေ့မြင်နေရတယ်။

ဘီးလင်းမြို့ကနေထွက်လာပြီး မကြာခင်မှာ အလံတစ်ရာဘုရားကို ရောက်ရှိလာကြတယ်။ အလံတစ်ရာဘုရားက သထုံမြို့နယ်အတွင်းမှာ တည်ရှိနေပြီး အလွန်ကြီးမားတဲ့ စေတီတော်ကြီးတစ်ဆူပါ။ စေတီတော်ပုံစံက ရွှေတိဂုံစေတီပုံစံတည်ထားသလို ဘေးပတ်လည်မှာလဲ စေတီရံတွေအများအပြား တည်ရှိနေတယ်။ ဒါပေမဲ့ အလုံးစုံပြီးစီးမှုမရှိသေးဘဲ တည်ဆောက်နေဆဲအဖြစ် တွေ့မြင်နေရတယ်။ စေတီတော်စောင်းတန်းတစ်ခုမှာ ရေးသားဖော်ပြထားတဲ့ သမိုင်းမှတ်တမ်းတွေအရ ၁၃၁၄ ခုနှစ်မှာ ရွှေစေတီအဖြစ်၊ ၁၃၁၆ ခုနှစ်မှာ လက်မတစ်ရာ စေတီအဖြစ်၊ ၁၃၁၉ ခုနှစ်မှာ ပေတစ်ရာ စေတီအဖြစ်၊ ၁၃၂၀ ပြည့်နှစ်မှာ အတောင်တစ်ရာ စေတီအဖြစ်၊ ၁၃၂၁ ခုနှစ်မှာ အတောင်တစ်ရာ့နှစ်ဆယ် စေတီအဖြစ်၊ ၁၃၃၅ ခုနှစ်မှာ အလံတစ်ရာစေတီအဖြစ် အဆင့်ဆင့်တည်ထားခဲ့ကြောင်း သိရတယ်။ အခုလက်ရှိ ဖူးမြော်မြင်တွေ့နေရတဲ့အချိန်မှာ စေတီတော်ပလ္လင်အလျား ၁၅၉ ပေ ၁၀ လက်မရှိပြီး စေတီတော်အထက် စိန်ဖူးတော်ထိ ၄၂၉ ပေ ဉာဏ်တော်အမြင့် ရှိနေတယ်။

အလံတစ်ရာဘုရားကို စတင်တည်ခဲ့တဲ့ မူလအလံတစ်ရာဆရာတော်ကြီးက ပျံလွန်တော်မူသွားခဲ့ပြီဖြစ်ပြီး အခုလက်ရှိမှာ တတိယမြောက်ဆရာတော်က စီစဉ်ကြီးကြပ် ဆက်လက်တည်ဆောက်နေတယ်လို့ သိရတယ်။ ထူးခြားချက်အနေနဲ့ ဒေသတွင်းမှာ ပအိုဝ်းလူမျိုးတွေ များစွာရှိနေကြတယ်။ အလံတစ်ရာဘုရားမှာ စေတီတော်တည်ဆောက်ရေးအတွက် အုတ်သယ်၊ လမ်းခင်း၊ ဘိလပ်မြေဖျော်စတဲ့လုပ်ငန်းတွေကိုလဲ ယောဂီဝတ်အမျိုးသမီးတွေ လုပ်ကိုင်နေကြတာကို တွေ့မြင်နေရတယ်။ သူတို့တွေကို ဒေသခံတွေက ရသေ့မဆိုပြီး ခေါ်ဆိုကြတာပါ။ နောက်ထပ်ထူးခြားမှုတစ်ခုကတော့ အလံတစ်ရာဘုရားရဲ့အရှေ့ဘက်နောက်ခံတောင်ပေါ်မှာ ထုံးဖြူဖြူစေတီတော်တွေ တန်းစီပြီး အများအပြားတည်ရှိနေကြတယ်။ တောင်အမည်က 'က' တောင်လို့ သိရတယ်။ တောင်ပုံစံက 'က'အက္ခရာနဲ့တူနေလို့ 'က'တောင်လို့ ခေါ်ဆိုကြတာပါ။ ဒီနေ့အဖို့ ကျိုက်ထီးရိုးတောင်ပေါ်ကနေ ဆင်းလာတာနဲ့ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးကိုလဲ ဖူးရ၊ ထူးခြားလှတဲ့ အလံတစ်ရာစေတီတော်ကြီးကိုလဲ ဖူးမြော်နေရပါပြီ။ အချိန်ရတုန်း အလံတစ်ရာမှာ ဆက်လက်လေ့လာလိုက်ပါအုံးမယ်။

# ဇလွန်မြို့နယ် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရား၏ မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲ ကျင်းပသွားမည်



**ဇလွန် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရား၏ မသိုးသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင် မီးထွန်းပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးထွန်းဦးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်ရှိ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရား၏ (၅၂) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင် မီးထွန်းပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

"မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခြင်းကိုတော့ နိုဝင်ဘာ ၂၅ ရက်ကတည်းက စတင်ရက်လုပ်ပူဇော်မှာဖြစ်ပါတယ်။ နိုဝင်ဘာ ၂၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၄ နာရီမှာတော့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားနဲ့ ဂန္ဓာကုဋိတိုက်အတွင်းက ဗုဒ္ဓရုပ်ပွားဆင်းတုတော် သုံးဆူတို့ကို ဆက်ကပ်ပူဇော်သွားမှာဖြစ်ပါတယ်" ဟု မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးထွန်းဦးက ပြောပြသည်။

ထို့ပြင် တန်ဆောင်တိုင်မီးထွန်းပွဲတော်အဖြစ် မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကိန်းဝပ်စံပယ်ရာ ဂန္ဓာကုဋိတိုက်တော်ကြီးနှင့် ဝန်းကျင်နေရာများတွင် လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ဆီမီးပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မုသားဖြင့်...စီရင်အပ်သော ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၈ ရက်တွင် Mahar Application မှ ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၁၆**

ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မုသားဖြင့် . . . စီရင်အပ်သော ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၈ ရက်တွင် Mahar Application မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

မုသားဖြင့်. . . စီရင်အပ်သော ဇာတ်လမ်းတွဲကို Mahar Application မှ HD Quality ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲသည် စာရေးဆရာမ လမင်းမိုမို၏ဝတ္ထုကို မင်းညီက ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ကြောင်း၊ ဒါရိုက်တာ နေပိုင်က တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"စာရေးဆရာမ လမင်းမိုမိုရဲ့ နာမည်ရှိပြီးသား ဝတ္ထုကောင်းလေး တစ်ပုဒ်ကို အသက်သွင်းထားတဲ့ ဇာတ်လမ်းတွဲလေးပါ။ သာမန်ဒရာမာတွေထက် နည်းနည်းကောင်းပါတယ်။ အကောင်းဆုံးကြိုးစားထားပါတယ်"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

မုသားဖြင့်. . . စီရင်အပ်သော ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ ထွန်းကိုကို၊ ညိမ်းသော်၊ ချောရတနာ၊ နော်ဖောအယ်ထား စသည့်အနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် ချင်းမိုင်မြို့တို့ရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ငွေပြားဆွဲ၊ ငွေပြားနှင့် ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောဝက်ရုပ်များ တင်ပို့မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထိုင်းနိုင်ငံရှိ မယ်ဆိုင်မြို့နှင့် ချင်းမိုင်မြို့တို့ရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ငွေပြားဆွဲ၊ ငွေပြားနှင့် ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောဝက်ရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံရှိ မယ်ဆိုင်မြို့နှင့် ချင်းမိုင်မြို့တို့ရှိ မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များက မြန်မာအမှတ်တရပစ္စည်းများကို မှာယူလေ့ရှိရာ ယခုလအတွင်း ငွေပြားဆွဲ၊ ငွေပြားနှင့် ရွှေတုံးပါ မင်္ဂလာလာဘ်ခေါ် တောဝက်ရုပ်များကို မှာယူလျက်ရှိသည့်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"မယ်ဆိုင်နဲ့ ချင်းမိုင်က မြန်မာအမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးစခန်းကနေ ပို့ရတာတွေရှိပါတယ်။ သူတို့အမိကမှာတာတော့ ပန်းပုရုပ်လေးတွေနဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ ဒီလထဲမှာကတော့ အလျားကိုးလက်မ၊ အမြင့် ခြောက်လက်မ၊ ဒု သုံးလက်မခွဲရှိတဲ့ ငွေပြားဆွဲ၊ ငွေပြားနှင့် ရွှေတုံးပါမင်္ဂလာ လာဘ်ခေါ် တောဝက်ရုပ်တွေကို ပို့ရမှာဖြစ်ပါတယ်။ အသားကတော့ ကျွန်းသားဖြစ်ပါတယ်။ ဒီလမကုန်ခင် အရုပ် ၅၀၊ အစုံအနေနဲ့ဆိုရင် ၂၅ စုံ တင်ပို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ တစ်စုံကို ငွေကျပ် ၁၅၀၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု မြန်မာမဏ္ဍိုင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ASH

# Alien Legion ဇာတ်ကားကို ဒါရိုက်တာ တွမ်မီလာ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Alien Legion အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ တွမ်မီလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် Alien Legion အမည်ရှိ သိပ္ပံအက်ရှင်ရုပ်ပြကာတွန်းများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


ဒါရိုက်တာ တွမ်မီလာသည် Deadpool နှင့် Terminator: Dark Fate ဇာတ်ကားများကို ရိုက်ကူးခဲ့သော ဒါရိုက်တာဖြစ်သည်။

လက်ရှိတွင် Alien Legion ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို မသိရသေးကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Alien Legion ဇာတ်ကားကို Star Wars ဇာတ်ကားများကဲ့သို့ ကြယ်တာရာဟင်းလင်းပြင် နောက်ခံဇာတ်ကားများအဖြစ် ဖန်တီးရန် ရည်ရွယ်ထားသည်။

Alien Legion ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# Mortal Kombat 2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း စတင်နေပြီဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၆**

Mortal Kombat 2 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း စတင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။


အဆိုပါဇာတ်ကားသည် Mortal Kombat(2021) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း၊ Mortal Kombat 2ကို ဒါရိုက်တာ ဆိုင်မွန်မက်ကွစ်က ရိုက်ကူးနေခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဘွန်းနှင့် ဂျရမီဆလေတာတို့က ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသားကားအာဘင့်၊ ဟီရိုယူကီဆာနာဒါနှင့် တာတီဂါဘရီယက်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

Mortal Kombat ဇာတ်ကားများသည် ကမ္ဘာကျော်ဗီဒီယိုဂိမ်းများဖြစ်သည့် Mortal Kombat ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Mortal Kombat 2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**



# Three of the four suspects under arrest warrants apprehended and transferred to People's Republic of China for legal proceedings

**Nay Pyi Taw November 16**

The Kokang Self-Administered Zone Court has already issued arrest warrants on the 15th of November 2023 to take legal actions against Ming Xuechang, Ming Guoping (aka) Ming Xiaoping, Ming Julan, and Ming Zhenzhen who have been involved in or attempting to commit, as well as collaborating on various organized crimes such as online fraud, seduction, abduction, illegal detention, and extortion in the Kokang Self-Administered Zone of Shan State. The news on the issuance of arrest warrants had already been reported.

Among them, Ming Xuechang, Ming Guoping (aka) Ming Xiaoping and Ming Zhenzhen were apprehended in Laukkai of the Kokang Self-Administered Zone. During their arrest, Ming Xuechang shot himself with the pistol in his illegal possession, and was wounded. He died while receiving medical treatment. Officials of Myanmar Police Force transferred the suspects to the police force of Yunnan Province, the People's Republic of China, at Yanlonkyaing border gate at Myanmar-China border at 1.50 pm today to take legal action against them. The body of Ming Xuechang was under verification and was not taken to China.

The government's law enforcement teams are investigating and combating all attempts or involvements in, as well as collaborating on, organized crimes to commit online fraud, seduction, abduction, illegal detention, and extortion in the whole country. Moreover, the government has established constant contacts with neighboring countries and is actively cooperating with them. 100



**Ming Xuechang**



**Ming Guoping (aka) Ming Xiaoping**



**Ming Zhenzhen**

# YSX traded over 300,000 shares worth over 770 million kyats in October 2023




Yangon Stock Exchange office.

**Yangon November 16**

A total of 305,102 shares valued at 771.88 million kyats were traded in October 2023, according to reports released by the Yangon Stock Exchange (YSX) on October 14, 2023.

In doing so, the conditions under which shares were sold in October as public companies listed on the YSX in October are 9,910 shares worth 87.89 million kyats by First Myanmar Investment Public Co, Ltd (FMI), 113,662 shares worth 336.27 million kyats by Myanmar Thilawa SEZ Holdings Public Co, Ltd (MTSH), 1,068 shares worth 8.35 million kyats by Myanmar Citizens Bank Ltd (MCB), 104,218 shares worth 176.59 million kyats by First Private Bank Ltd (FPB), 6,014 shares worth 15.54 million kyats by TMH Telecom Public Co, Ltd (TMH), 25,088 shares worth 52.75 million kyats by Ever Flow River Group Public Co. Ltd (EFR), 5,123 shares worth 25.01 million kyats by AMATA Holding Public Co, Ltd (AMATA), and 4,019 shares worth 25.01 million kyats by Myanmar Agro Exchange Public Co. Ltd (MAEX). 336

# Good demand from Bangladesh makes Sittway border trade station to sell hilsas weekly

**Sittway November 16**

Sittway border trade station has been exporting and selling hilsas on a weekly basis due to the increase in the purchase of fish from Bangladesh since the end of October, according to reports released by the Fishery Department for Rakhine State on November 15.

Sittway border trade station is a trading station that conducts border trade with Bangladesh, mainly exporting and selling agricultural products, industrial products, and fishery products.

In the week from October 28 to November 3, 2.52 tonnes of hilsas worth US$0.0139 million were exported and sold. Similarly, from October 4 to 10, 9.162 tonnes of hilsas worth US$0.0558 million were exported and sold.

As a result, the Sittway border trade station exported and sold almost 11.682 tonnes of hilsas worth US$0.0697 million within two weeks.

Now, it is said that Myanmar is continuing to export and sell hilsa fish to Bangladesh and the fish are classified by size and gram weight. 336



Hilsas for sale at a market.

# Mandalay to host Mandalay International Trade Fair & Investment Forum 2023

**Mandalay November 16**

The Mandalay International Trade Fair & Investment Forum 2023 will be staged at Mandalay Convention Centre in Chanmyathazi Township of Mandalay, according to the Mandalay Region Chambers of Commerce and Industry-MRCCI.

The forum will take place from 20 to 22 December with participation of businesspersons from Upper Myanmar and foreign countries at 262 booths, according to Chairman of MRCCI U Win Htay.

"Dehong Dai from China enlisted opening of more than 70 booths at the forum in addition to those from Indonesia. Myanmar will showcase foodstuffs, personal goods and agricultural produce," he explained.

The forum will comprise agricultural, livestock, tourism and energy forums.

Mandalay hosted a similar forum in 2019. ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Entrance fees to national museums in Myanmar to be changed


National Museum.

**Nay Pyi Taw November 16**

The Department of Archeology and National Museums will change the entrance fees to the National Museums across Myanmar starting from December, according to the department sources released on November 15.

There are more than twenty museums under the management of the Department of Archeology and National Museums throughout the country. The National Museums are opened in Yangon and Nay Pyi Taw as the National Museum (Yangon) and the National Museum (Nay Pyi Taw). These museums collect and display unique items that reflect the history of Myanmar.

The Department of Archeology and National Museums will change and collect the admission fees of three museums from December. The museums that will change the admission fees are the National Museum (Nay Pyi Taw, the National Museum (Yangon) and the Bagan Archaeological Museum.

Bagan Archaeological Museum is located in the ancient city of Bagan, Bagan-NyaungU Township, Mandalay Region. It is a museum that preserves Myanmar's cultural heritage. The admission fees for these three museums are K1,000 per domestic visitor and K10,000 per foreign visitor. Monks, nuns, students and children under the age of 12 will be allowed free entry. The first national museum in Myanmar was opened in 1952 at the Jubilee Hall in Yangon.

336

# Green grams, mung beans and pigeon peas receive different prices in local commodity markets

**Yangon November 16**

The green grams, mung beans and pigeon peas are trading at different prices in the local commodity markets, according to reports released by the Consumer Affairs Department on November 15.

The prices of one tonne of green grams, which is the most exported and sold of the beans and pulses exported from Myanmar to foreign market countries, were 2,859,900 kyats at the Bayintnaung commodity depot in Yangon, 2,816,900 kyats at Magway commodity depot, 2,832,300 kyats at Pyay commodity depot, 2,792,500 kyats at Hintada commodity depot, 2,694,500 kyats at Taungdwingyi commodity depot on November 13. On November 14, the prices were 2,890,900 kyats per tonne at the Bayintnaung commodity depot in Yangon, 2,816,900 kyats per tonne at the Magway commodity depot, 2,816,900 kyats per tonne at the Hintada commodity depot, and 2,694,500 kyats per tonne at the Taungdwingyi commodity depot.


A bean plantation.

Therefore, during this period, the prices of green grams were increasing at Bayintnaung and Hintada commodity depots, while the prices were decreasing at the Pyay commodity depot.

336

# More than 16,000 bags of fertilizer distributed to cooperative society member farmers

**Mandalay November 16**

A total of 16,104 bags of Sanwady natural fertilizer were distributed to monsoon paddy growers, who are members of cooperative societies in Mandalay Region, said assistant director U Hlaing Moe of Mandalay Region Cooperative Department.

The department sells Sanwady fertilizer to local farmers in cash down or in installment starting from February. So far, the department has sold 16,104 bags of fertilizer to 3,165 farmers from 221 cooperative societies in 22 townships of Mandalay Region.

"We sell fertilizer at lower price than market price. We have arranged distribution of fertilizer to farmers in all season. Such kind of fertilizer will contribute to boosting per-acre yield of crops," he explained.

The department sold fertilizer to farmers from Patheingyi, Amarapura, PyinOoLwin, Singu, Kyaukse, Singaing, Myittha, TadaU, Meiktila, Mahlaing, Myingyan, Thazi, Wundwin, Taungtha, Natogyi, Ngazun, Yamethin, Pyawbwe, NyaungU, Kyaukpadaung and other regions and states for cultivation of monsoon paddy.

185

# Russia says relations with U.S. could be severed at any moment

**Moscow November 16**

Relations between Russia and the United States are currently undergoing a great crisis, and ties between the two countries could be severed at any moment, the Russian Foreign Ministry said Thursday.

The foreign ministry issued a statement reflecting on the relationship between the two countries, in light of the 90th anniversary of the re-establishment of diplomatic ties between Russia and the United States.

It said that Russia-U.S. relations are at risk of being severed due to Washington's "Russophobic" course.

"This is not Russia's choice, however, the irresponsible steps being taken by the United States are fueling escalation ... and can lead to catastrophic consequences," the foreign ministry said, adding that Washington was focused on its doctrinal objective of inflicting a "strategic defeat" on Moscow.

Russia-U.S. relations have also been largely hampered by the policies of current American political elites, who consider U.S. hegemony and dominance to be the "basic worldview."

The United States is focused on organizing civil unrest and regime change in Russia, and it is investing resources to realize these goals, the statement said. Xinhua

# Xi, Biden talk on strategic issues critical to China-U.S. relations, world

**San Francisco November 16**

Chinese President Xi Jinping and U.S. President Joe Biden on Wednesday had a candid and in-depth exchange of views on strategic and overarching issues critical to the direction of China-U.S. relations and on major issues affecting world peace and development.


The meeting was held at Filoli Estate, a country house approximately 40 km south of San Francisco, California. Biden warmly received Xi when he arrived at Filoli Estate.

Noting that the world today is undergoing profound changes unseen in a century, Xi said there are two options for China and the United States -- one is to enhance solidarity and cooperation, join hands to meet global challenges and promote global security and prosperity; and the other is to cling to the zero-sum mentality, provoke rivalry and confrontation, and drive the world toward turmoil and division.

The two choices point to two different directions that will decide the future of humanity and Planet Earth, he said, adding that the China-U.S. relationship, which is the world's most important bilateral relationship, should be perceived and envisioned in this broad context.

For China and the United States, turning their back on each other is not an option, Xi noted, stressing it is unrealistic for one side to remodel the other, and conflict and confrontation has unbearable consequences for both sides.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဂျာမနီနိုင်ငံက ၂၀၂၄ ခုနှစ်တွင် ယူကရိန်းအတွက် စစ်ရေးအကူအညီ ကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံထိ ပံ့ပိုးပေးမည်



ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးသည် တန်ပြန်ထိုးစစ်ဆင်နွှဲရန် ရုန်းကန်နေရသည့် ယူကရိန်းနိုင်ငံအတွက် ၂၀၂၄ ခုနှစ် စစ်ရေးအကူအညီကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံထိ ပံ့ပိုးပေးမည်ဟု နိုဝင်ဘာ ၁၂ ရက်တွင် ကြေညာခဲ့ကြောင်း Bloomberg သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

"အစ္စရေး-ဟားမတ်စ်ပဋိပက္ခကို နိုင်ငံတကာက အာရုံစိုက်နေချိန်မှာ အခုလို ကြေညာမှုက ယူကရိန်းအတွက် တွန်းအားပေးနိုင်တဲ့သတင်းစကားဖြစ်ပြီး ကျွန်တော်တို့က ယူကရိန်းကို လက်လွှတ်မခံဘူး ဆိုတာ ပြသနေပါတယ်"ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ARD ရုပ်မြင်သံကြားလိုင်းသို့ ပြောကြားခဲ့သည်။

ယူကရိန်းသည် ၎င်း၏ အနောက်နိုင်ငံ မဟာမိတ်များထံမှ ပိုမိုကောင်းမွန်သော စစ်ရေးအကူအညီများကို တစိုက်မတ်မတ် တောင်းဆိုခဲ့သော်လည်း ယခုနှစ်အတွင်းတန်ပြန်ထိုးစစ်သည် နိုင်ငံတောင်ပိုင်းနှင့် အရှေ့ဘက်တွင် အောင်မြင်မှုတစ်စုံတစ်ရာမျှ ရရှိထားခြင်းမရှိပေ။

တိုးမြှင့်ပေးအပ်မည့် ပံ့ပိုးမှုသည် ယခုနှစ် အတွေ့အကြုံများမှ သင်ခန်းစာယူ၍ တုံ့ပြန်လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း စီစဉ်ထားသည့် ငွေကြေးပမာဏသည် လျင်မြန်စွာ ကုန်ခန်းသွားကြောင်း တွေ့ရှိခဲ့ရသည်ဟု Pistorius က ပြောကြားခဲ့သည်။

ဂျာမနီအဓိပတိ Olaf Scholz ၏ ညွန့်ပေါင်းအစိုးရသည် စစ်လက်နက်ပစ္စည်းများ အဓိကအားဖြင့်ပါဝင်လာမည့် ကနဦးအကူအညီကို နှစ်ဆတိုးမြှင့်ရန် ဆုံးဖြတ်ချက်ကို လွှတ်တော်အမတ်များထံမှ မဲခွဲဆုံးဖြတ်မှုဖြင့် တရားဝင်အတည်ပြုချက် ရယူသွားရမည်ဖြစ်သည်။

ယခင်နှစ် ဖေဖော်ဝါရီလက ရုရှားနိုင်ငံ၏ ယူကရိန်းအထူးစစ်ဆင်ရေး စတင်ကတည်းက ဂျာမနီနိုင်ငံသည် လူသားချင်းစာနာထောက်ထားမှု၊ ငွေကြေးနှင့် စစ်ရေးအကူအညီများ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၄ ဘီလီယံထိ ယူကရိန်းထံ ပံ့ပိုးပေးခဲ့ပြီး ယူကရိန်း၏ အဓိကကျောထောက်နောက်ခံနိုင်ငံများထဲမှ တစ်နိုင်ငံလည်းဖြစ်သည်။

ဂျာမနီပါလီမန်၏ ဘတ်ဂျက်ကော်မတီသည် လာမည့်သီတင်းပတ် အစည်းအဝေးတွင် ယူကရိန်းအတွက် နောက်ထပ် စစ်ရေးရန်ပုံငွေအမေရိကန်ဒေါ်လာ ၄ ဘီလီယံကို အတည်ပြုမည်ဖြစ်ပြီး ဂျာမနီကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၄ ခုနှစ်တွင် GDP ၏ ၂ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှရရှိသော အချက်အလက်ကို ကိုးကား၍ ရုရှားနိုင်ငံ sputnik-globe.com သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius သည် Patriot SAM နှင့် IRIS-T ဒုံးကျည်စနစ်အပါအဝင် ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ စစ်ရေးအကူအညီပေးရေး အစီအစဉ်ကို အောက်တိုဘာ ၁၀ ရက်က ကြေညာခဲ့ပြီးဖြစ်သည်။

အစ္စရေး၏ Arrow လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့်Chinook အကြီးစားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များ၊ သက်တမ်းရင့် Tornado တိုက်လေယာဉ်များကို F-35 တိုက်လေယာဉ်များ အစားထိုးဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံကို ၂၀၂၂ ခုနှစ်က ဂျာမနီအဓိပတိ Olaf Scholz က ကြေညာခဲ့ကြောင်း သိရသည်။

ယူကရိန်း အထူးစစ်ဆင်ရေးမကြာမီမှာပင် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ယူကရိန်းကို စစ်ရေးအကူအညီတိုးမြှင့်ပေးအပ်လျက်ရှိသည်။ ယူကရိန်းထံ စစ်လက်နက်များပံ့ပိုးနေခြင်းသည် ပဋိပက္ခကို ရှည်ကြာစေသည်ဟု ရုရှားက ထပ်တလဲလဲ သတိပေးခဲ့ပြီးဖြစ်သည်။

**Germany to Double Military Aid for Ukraine to $8.6Bln in 2024 – Reports နှင့် Germany to Double 2024 Military Aid to Ukraine: Minister တို့ကို ပေါင်းစပ်၍ ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက ဖင်လန်နိုင်ငံသို့ David's Sling လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ရောင်းချခဲ့

အစ္စရေးနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနသည် ဖင်လန်နိုင်ငံသို့ အဆင့်မြင့် David's Sling လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို ရောင်းချခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက်တွင် အတည်ပြုခဲ့သည်ဟု www.armyrecognition.Com သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခန့်မှန်းခြေ ယူရို ၃၁၇ သန်းတန်ဖိုးရှိ ဝယ်ယူရေးသဘောတူစာချုပ်ကို ညွှန်ကြားရေးမှူးချုပ် MG (Res) EyalZamir က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဂျာမနီနှင့်လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များ ရောင်းချရန် သဘောတူပြီးနောက် ဖင်လန်နိုင်ငံသို့ ဒုတိယမြောက်နိုင်ငံအဖြစ် ရောင်းချပေးခဲ့ခြင်းလည်းဖြစ်သည်။

အစ္စရေး Rafael Advanced Defence Systems နှင့် အမေရိကန် Raytheon ကုမ္ပဏီတို့ကြား ဖက်စပ်ထုတ်လုပ်ထားသည့် David's Sling သည် အစ္စရေး၏ အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

၎င်းသည် အကွာအဝေးကီလိုမီတာ ၄၀ မှ ၃၀၀ အတွင်း တာလတ်ပစ်၊ တာဝေးပစ်ဒုံးကျည်များနှင့် အရွယ်အစားကြီးမားသော ဒုံးကျည်များကို ကြားဖြတ်ဟန့်တားရန် ဒီဇိုင်းထုတ်ထားသည်။ အဆိုပါစနစ်၏ ဘက်စုံသုံးနိုင်မှုသည် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်လိုသည့် နိုင်ငံတိုင်းအတွက် ထိုက်တန်သော လက်နက်စနစ် အမျိုးအစားလည်းဖြစ်သည်။

လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ၂၀၂၃ ခုနှစ် ဟားမတ်စ်-အစ္စရေးပဋိပက္ခအတွင်း ထင်ရှားသောစွမ်းဆောင်ချက်များကြောင့် နိုင်ငံတကာ အသိအမှတ်ပြုမှုရရှိခဲ့သည်။ ဤကာလအတွင်း David's Sling သည် ပဲ့ထိန်းဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် ဝေဟင်မှ အမျိုးမျိုးသော ခြိမ်းခြောက်မှုများကိုကြားဖြတ်ပစ်ချနှိမ်နင်းရာတွင် ထူးခြားသောထိရောက်မှုကို ပြသနိုင်ခဲ့သည်။

David's Sling ၏ အဓိကအင်္ဂါရပ်ဖြစ်သည့် Stunner ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် ဝေဟင်မှခြိမ်းခြောက်မှုအမျိုးမျိုးကိုတိုက်ဖျက်ရန် တိကျမှုမြင့်မားပြီး ထိရောက်မှုရှိသော အဆင့်နှစ်ဆင့် (Two-Stage)ပါ တွန်းကန်အားစနစ်ကို အသုံးပြုထားသည်။ ၎င်း၏အဆင့်မြင့်ရေဒါနှင့် Electro-Optical Sensors အာရုံခံကိရိယာများသည် ပဲ့ထိန်းဒုံးကျည်များ၊ လေယာဉ်များနှင့် ဒရုန်းများကိုတန်ပြန်ရန်အတွက် မရှိမဖြစ်လိုအပ်သော ခြေရာခံထိန်းကျောင်းခြင်းနှင့် စိစစ်ခွဲခြားဖော်ထုတ်နိုင်စွမ်းတို့ကို တိကျစွာလုပ်ဆောင်နိုင်စေသည်။

David's Sling ကိုဝယ်ယူရန် ဖင်လန်နိုင်ငံ၏ဆုံးဖြတ်ချက်သည် ဒေသတွင်းလုံခြုံရေးစိုးရိမ်မှုများ ကြီးထွားလာနေချိန်တွင် ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ခေတ်မီအောင်အဆင့်မြှင့်တင်ရန် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ်ပင်ဖြစ်သည်။ ဤဝယ်ယူမှုသည် ဖင်လန်နိုင်ငံ၏ ခံစစ်အနေအထားကို အားကောင်းစေရုံသာမက အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးပို့ကုန်များ တိုးချဲ့မှုကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။



ဖင်လန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက David's Sling လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ဝယ်ယူမှုသည် နိုင်ငံတော်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် မဟာဗျူဟာနှင့် ကိုက်ညီကြောင်း အလေးပေးပြောကြားထားသည်။

၂၀၂၃ ခုနှစ် ဟားမတ်စ်-အစ္စရေး ပဋိပက္ခတွင် David's Sling ၏အောင်မြင်မှုသည် ဖင်လန်နိုင်ငံ၏ ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး စနစ်၏တိုက်ပွဲဝင်ထိရောက်မှုနှင့် ယုံကြည်စိတ်ချရမှုကို ပြသနေကြောင်း သိရသည်။

**Israel Signs Deal to Sell David's Sling Air Defense Missile Systems to Finland ကိုဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရန်ကုန်ဝါးတန်းဆန်စပါးကုန်စည်ဒိုင်သို့ နိုဝင်ဘာ ၁ ရက်မှ ၆ ရက်ထိ ဆန်နှင့်ဆန်ကွဲ ၂၁၉၀၈၄ အိတ် ဝင်ရောက်ခဲ့



**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်သို့ ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၆ ရက်ထိ ဆန်နှင့်ဆန်ကွဲ ၂၁၉၀၈၄ အိတ် ဝင်ရောက်ခဲ့ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ နိုဝင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်သို့ အနယ်နယ်အရပ်ရပ်မှ ဆန်များဝင်ရောက်လျက်ရှိရာ နိုဝင်ဘာ ၁ ရက်မှ ၆ရက်ထိ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသများနှင့် ရန်ကုန်တိုင်းဒေသကြီး ပြင်ပမြို့နယ်ဒေသများမှ ဆန်အိတ်ရေစုစုပေါင်း ၂၁၉၀၈၄ အိတ်ထိ ဝင်ရောက်လာခဲ့သည်။

အဆိုပါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဝါးတန်းဆန်စပါးကုန်စည်ဒိုင်သို့ ဆန်နှင့်ဆန်ကွဲ ဝင်ရောက်လာခဲ့သည့်အခြေအနေများမှာ ဧရာဝတီတိုင်းဒေသကြီးမှ ပေါ်ဆန်းမွှေးအိတ်ရေ ၄၁၅၈၀၊ ပေါ်ကွဲအိတ်ရေ ၄၆၆၀၀၊ ညှော်မထအိတ်ရေ ၇၇၀၇၀၊ ဆန်ကွဲအိတ်ရေ ၂၁၅၁၀၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းဒေသများမှလည်း ညှော်မထအိတ်ရေ ၄၇၄၀၊ ပဲခူးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းဒေသများမှ ညှော်မထ ၁၅၀၁၄ အိတ်၊ ဧစိန်အိတ်ရေ ၄၅၅၀၊ ရန်ကုန်တိုင်းဒေသကြီး ပြင်ပမြို့နယ်များမှ ညှော်မထအိတ်ရေ ၈၀၂၀ ဝင်ရောက်မှုရှိကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ဝါးတန်းဆန်စပါးကုန်စည်ဒိုင်သို့ ဆန်နှင့်ဆန်ကွဲအိတ်ရေစုစုပေါင်း ၂၁၉၀၈၄ အိတ် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်၏ နိုဝင်ဘာ ၁၅ ရက်တွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀၊ ကျားပျံရှယ်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ဖျာပုံပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ မှ ၁၀၀၀၀၀၊ ဒေးဒရဲပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ မှ ၉၈၀၀၀၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ပေါ်ဆန်း(နယ်စုံ)တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀မှ ၉၈၀၀၀ ဖြင့်အသီးသီး ပေါက်ဈေးရှိကြောင်း သိရသည်။

(၃၃၆)

# ရေတာရှည်မြို့နယ် ဥယျာဉ်မှုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှုးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက ဥယျာဉ်မှူးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း



ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥယျာဉ်မှူးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# မံစီမြို့နယ် ရီခူးမံခံကျေးရွာ၌ သဲကျောက်လမ်းခင်းခြင်းနှင့် Pipe Culvert သုံးစင်းတည်ဆောက်ခြင်း ဆောင်ရွက်နေမှု စစ်ဆေး

**မံစီ နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရီခူးမံခံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သဲကျောက်လမ်းခင်းခြင်းနှင့် Pipe Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဆောင်ရွက်သည့် ရီခူးမံခံကျေးရွာတွင် သဲကျောက်လမ်းခင်းခြင်း၊ Pipe Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

မံစီမြို့နယ် ရီခူးမံခံကျေးရွာ၌ အရှည်ပေ ၁၃၇၀၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းတွင် Pipe Culvert သုံးစင်းတည်ဆောက်ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေးသွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်)**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၆/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ထ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာအချက်အလက်များကို ကြီးကြပ်စောင့်ကြည့်စီမံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးသည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ကိုးဦးထက်မပိုသော ရုပ်မြင်သံကြားနှင့်အသံလွှင့်ကောင်စီကို ဆိုသည်။"

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၇ ၏ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်-

"၇။ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူကို ကောင်စီဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းရမည်-"

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၈ ၏ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်-

"၈။ အောက်ပါပုဂ္ဂိုလ်များကို ကောင်စီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းမပြုရ-"

၅။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီး နောက်ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၆။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ အခန်း(၄)တွင်ပါရှိသော ပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် အခန်း(၅)တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)**
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများ ပေးအပ်လှူဒါန်း





**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသော ဒံပေါက်ဘူးများကို တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၆**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသော ဒံပေါက်ဘူးများကို တွေ့ရစဉ်။**





**စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို နေပြည်တော်၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ရည်ရွယ်ပြီး (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအတွက် လေ့လာစရာပွဲတော်တစ်ခုဖြစ်အောင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပွဲတော်မှပြန်သွားပါက ပျော်ရွှင်မှုနှင့်အတူ နိုင်ငံအတွက် တန်ဖိုးရှိမည့် အတွေးတစ်စ သို့မဟုတ် အသိအမြင် တစ်ခုခုတိုးပွားအောင် လေ့လာစရာအစီအစဉ်များကို စိတ်ဝင်စားဖွယ် စီမံဆောင်ရွက်သွားစေလိုပါကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် လူငယ်ကဏ္ဍကို အလေးထားပြီး ယခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်သည့် ပြခန်း၊ ပြကွက်များပါဝင်အောင် ဆောင်ရွက်သွားရန်ဖြစ်ပြီး ဖျော်ဖြေမှု Entertainment နှင့်အတူ စိတ်ဝင်စားဖွယ်အစီအစဉ်များကို ဖန်တီးဖော်ဆောင်ကြစေလိုပါကြောင်း၊ ပွဲတော်ကို သုံးရက်ကြာကျင်းပရန်လျာထားပြီး ဝန်ကြီးဌာန ၁၃ ခု ပါဝင်ခင်းကျင်းပြသမည်ဖြစ်ကာ တိုင်းရင်းသားရိုးရာအစားအစာများ ခင်းကျင်းရောင်းချသည့်အစီအစဉ်လည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ ယခင် ၂၀၂၁ ခုနှစ် နှင့် ၂၀၂၂ ခုနှစ် လူငယ်နှင့်စာပေပွဲတော်များ ကျင်းပပြုလုပ်ခဲ့သည့် အတွေ့အကြုံများရှိပြီးဖြစ်၍ ယခုနှစ် ကျင်းပမည့် တတိယအကြိမ်ပွဲတော်တွင် ယခင်နှစ်များကထက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသည့် ပြခန်း၊ ပြကွက်များကို ခင်းကျင်း ပြသစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်များ၏ အတွေးအခေါ် အယူအဆမှန်ကန်အောင်၊ အရည်အသွေးအရည်အချင်းပြည့်ဝအောင် လူငယ်ကဏ္ဍနှင့်ဆက်စပ်၍ ဆောင်ရွက်မှုများတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင် နှစ်ကြိမ်ကျင်းပခဲ့သကဲ့သို့ ယခုနှစ် လူငယ်နှင့်စာပေပွဲတော်ကိုလည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ပါက ခမ်းခမ်းနားနား၊ အောင်အောင်မြင်မြင် ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ လူငယ်များအတွက် ကြိုးစားဆောင်ရွက်နေခြင်းဖြစ်၍ အနှစ်သာရပြည့်ဝသော ပွဲတော်တစ်ခုဖြစ်အောင် မိမိတို့အနေဖြင့် လိုအပ်သည်များကို အစွမ်းကုန်ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ပြခန်းများခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့က လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို လူငယ်များဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့်ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကိုသိမြင်စေကာ မိမိတို့နိုင်ငံ၏လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးကဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူသိမြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေသော တပ်မတော်သားများကို ဂုဏ်ပြုစကားပြောကြားသည်။ ၎င်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင် ၄၄ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၈၃၅ သိန်း ငါးသောင်းကို ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်ထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် တစ်ဦးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ဆပ်ပြာရည်ထုတ်လုပ်ခြင်းသင်တန်း၊ Bakery မုန့်ပြုလုပ်နည်းသင်တန်းဆင်းပွဲနှင့် ထူးချွန်သူများကို လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၆**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဆပ်ပြာရည်ထုတ်လုပ်ခြင်းသင်တန်း၊ Bakery မုန့်ပြုလုပ်နည်းသင်တန်းဆင်းပွဲနှင့် ထူးချွန်သူများကို လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊တာဝန်ရှိပုဂ္ဂိုလ်များ၊စီမံကိန်းကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခု လယ်ဝေးမြို့နယ် မြို့ကုန်းကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် စားသောက်ကုန်သင်တန်းအတွက် သင်တန်းသားတစ်ဦးလျှင် ငွေကျပ် ၁၂ ဒသမ ၅၁၅၂ သိန်းကျော်နှင့်ညီမျှသောလုပ်ငန်းသုံးပစ္စည်းစုစုပေါင်း ငွေကျပ် ၆၂ ဒသမ ၅၇၆ သိန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာတွင် ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းအတွက် သင်တန်းသားတစ်ဦးလျှင် ငွေကျပ် ၁၂ ဒသမ ၃၇၈ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်း စုစုပေါင်းငွေကျပ် ၆၁ ဒသမ ၈၉ သိန်းတန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုသင်တန်းမှ လုပ်ငန်းသုံးပစ္စည်းများအသုံးပြုခွင့်ရရှိသည့် ထူးချွန်သူ သင်တန်းသားများအနေဖြင့် ရရှိသည့်အခွင့်အရေးကို အကျိုးရှိရှိအသုံးချပြီး ကိုယ်ပိုင်လုပ်ငန်းငယ်များထူထောင်ကာ အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ပေါ်စေရေး ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းသူများအနက် လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသားများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနစားရိပ်သာများတွင် ဝန်ထမ်းများ နေ့လယ်စာစားသုံးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဥဿာဘောလုံးအားကစားကွင်း၌ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများစုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ငြိမ်းချမ်းရေးကို လိုလားကြသည့် သံဃာတော်များ၊ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်အလံများကိုင်ဆောင်၍ ကွင်းအတွင်း ချီတက်နေရာယူပြီး နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်လိုက်ကြသည်။

ထို့နောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက အသီးသီးရှင်းလင်းဟောပြောကြသည်။

ယင်းနောက် ထောက်ခံပွဲသို့တက်ရောက်လာကြသည့် ပြည်သူအားလုံးက "အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော တပ်မတော်အားထောက်ခံပါသည်။ တပ်နှင့် ပြည်သူ အတူတူ သွေးခွဲလာသူ ဒို့ရန်သူ။ ရှေ့တန်းရောက်တပ်မတော်သားများ ကျန်းမာပါစေ။ ပြည်သူတို့၏ အကျိုးအမှန်ဖော်ဆောင်သည့် တပ်မတော်ကို ထောက်ခံပါသည်။ တရားသောစစ်အောင်ရမည်။ အစဉ်အလာကောင်းတဲ့တပ်မတော် ဒို့တပ်မတော်။ မြန်မာ့တပ်မတော်အား အပြည့်အဝထောက်ခံအပ်ပါသည်။အကြမ်းဖက် PDF များ ကျဆုံးပါစေ။ စွန့်လွှတ်စွန့်စား တပ်မတော်သားများ အောင်မြင်ပါစေ။ KIA အလိုမရှိ၊ TNLA အလိုမရှိ၊ MNDAA အလိုမရှိ၊AA အလိုမရှိ၊ BPLA အလိုမရှိ၊ PDF အလိုမရှိ" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုတင်ပြလိုက်ပါသည်-



"ဒီထောက်ခံပွဲကို လာရတဲ့ အဓိကရည်ရွယ်ချက်က ကျွန်မတို့ရဲ့ တပ်မတော်ကြီးကို ချစ်ခင်မြတ်နိုးပြီး ထောက်ခံအားပေးချင်လို့ လာခဲ့တာဖြစ်ပါတယ်။ ဒီပွဲကြီးရှိတယ်လို့ ကြားရတဲ့အတွက် ကျွန်မတို့နဲ့ စိတ်သဘောထားတူတဲ့သူတွေစုပြီး လာခဲ့ကြတာဖြစ်ပါတယ်။ ရှေ့တန်းကနေထွက်ပြီး တိုက်ခိုက်ရမယ်ဆိုရင်လည်း ကျွန်မတို့တင်မဟုတ်ပါဘူး။ ပြည်သူတွေကအစ ပူးပေါင်းပါဝင်ဖို့အတွက် အသင့်ရှိနေပါတယ်။ ဒီလိုပွဲမျိုးကို အခုမှမဟုတ်ပါဘူး။ နောက်လုပ်မယ့်ပွဲတွေကိုလည်း ကျွန်မတို့လိုပြည်သူတွေ အများကြီးက အခုလိုတက်ရောက်ဖို့အတွက် အဆင်သင့်ရှိနေပါတယ်"။



ပဲခူးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။

"ဒီပွဲကို လာပြီးတက်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့မှာ တပ်မတော်ထောက်ခံပွဲ ပြုလုပ်မယ်ဆိုတဲ့ အကြောင်းသိရတဲ့အတွက် ကျွန်တော်နဲ့ စိတ်သဘောထားချင်းတိုက်ဆိုင်တဲ့လူဦးရေတစ်ရာလောက်စုပြီး ကိုယ့်အစီအစဉ်နဲ့ကိုယ် လာခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော်ကို အဘက်ဘက်က နှောင့်ယှက်ဖျက်ဆီးနေတဲ့၊ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ ရန်သူတွေကို တိုက်စစ်ဆင်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့က လာပြီးအားပေးတာပါ။ ရှေ့တန်းစစ်မြေပြင်မှာ ရန်သူတွေကိုရှပ်ရှပ်ခွဲခွဲတိုက်ခိုက်နေကြတဲ့ တပ်မတော်သားတွေကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ကျွန်တော်တို့က ဆုတောင်းပေးနေပါတယ်။ ကျွန်တော်တို့အနောက်မှာလည်း ကျွန်တော်တို့လို ပြည်သူတွေ အများကြီးရှိနေပါတယ်"။



---

○ **အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမှ**

ရေမိုင်၂၁၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏တောင်-အနောက်တောင်ဘက် ရေမိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

နောက် ၄၈ နာရီအတွင်း အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ အားကောင်းလာနိုင်ကာ နိုဝင်ဘာ ၁၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို မောင့်ဂလာမြို့နှင့် ခီပူပါရာမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၁၈ ရက်အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# တရုတ်နိုင်ငံဘက်မှ Online လိမ်လည်မှုများနှင့်ဖမ်းဝရမ်းထုတ်ပြန်ထားသူ သုံးဦးအား ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့မှုအခြေအနေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရခိုင်ပြည်နယ် ပေါက်တောမြို့တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ တရုတ်နိုင်ငံဘက်က အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်ပြီး ဖမ်းဆီးဖို့ဝရမ်းထုတ်ပြန်ထားတဲ့ မြို့ရှောက်ချန်း ဦးစီးလေးယောက်၊ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း တရုတ်နိုင်ငံကဖမ်းဆီးဖို့အတွက် ထုတ်ပြန်ပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ တရားဝင်ဖမ်းဝရမ်း ထုတ်ဆင့်ပြီးတော့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလေးယောက်အထဲမှာမှ ဒီနေ့လောက်ကိုင်မှာပဲ မြို့ရှောက်ချန်း၊ မြို့ကော်ဖျင်း၊ မြို့ကျိန်းကျိန်း တို့ကို မြန်မာ့တပ်မတော်အနေနဲ့ ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးတဲ့အချိန်မှာတော့ မြို့ရှောက်ချန်းသည် တရားမဝင်ကိုင်ဆောင်ထားတဲ့ ပွိုင့် ၂၂ သေနတ်နဲ့ သူ့ခေါင်းကိုသူပစ်ပြီးတော့ ဆုဆိုက်လုပ်ခဲ့တယ်။ အဲဒီအတွက် လောက်ကိုင်မှာရှိတဲ့ ဆေးရုံမှာဆေးကုသမှုခံယူစေခဲ့တယ်။ သို့သော် အသက်ရှင်မှုမရှိခဲ့ဘူး။ အဲဒီမြို့ရှောက်ချန်းရဲ့ အလောင်းရယ် ပြီးရင် မြို့ကော်ဖျင်း၊ မြို့ကျိန်းကျိန်းတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲတပ်ဖွဲ့နဲ့ မြန်မာနိုင်ငံအထူးရဲတပ်ဖွဲ့တို့ပူးပေါင်းပြီးတော့ ရန်လုံကျိုင်းဂိတ်မှာ ဒီနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီလောက်မှာ အောင်မြင်စွာလွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်တဲ့နေရာမှာ အမှန်တကယ်အလေးထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ထပ်မံပြီးတွေ့ရတာတော့ မဟုတ်မမှန်ဝါဒဖြန့်မှုတစ်ခုကိုလည်းတွေ့ခဲ့ရပါတယ်။ ဒီမဟုတ်မမှန် ဝါဒဖြန့်မှုအနေနဲ့ အွန်လိုင်းလိမ်လည်မှုတွေမှာ ဦးပယ်စောက်ချိန်ရဲ့သား ဦးပယ်ရင်ချန် လည်းပါဝင်တယ်။ တရုတ်နိုင်ငံက ဖမ်းဝရမ်းထုတ်တယ်ဆိုပြီးတော့ လိမ်လည်မှုဖြစ်ပါတယ်။ ဒီဦးပယ်စောက်ချိန်ရဲ့သား ဦးပယ်ရင်ချန်ကို တရုတ်နိုင်ငံနဲ့ ဆက်သွယ်ကြည့်တဲ့အခါမှာ ဖမ်းဝရမ်းထုတ်ထားတာလည်း မရှိပါဘူး။ သူ့အနေနဲ့ ဖြစ်မှုတွေမှာပါဝင်ပတ်သက်ခြင်းမရှိဘူးဆိုတာလည်းသိရပါတယ်။ ဒီဇာစ်မြစ်တွေကိုလိုက်ကြည့်တဲ့အခါမှာ တစ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ MNDAA အဖွဲ့ကလုပ်တယ်ဆိုတာသိရပါတယ်။ကျွန်တော်ပြောခဲ့သလိုပါပဲ ဒီဟာတွေသည် ယခင်တုန်းက ကျွန်တော်ပြောခဲ့ဖူးတယ် ကိုးကန့်ဒေသမှာဖြစ်နေတဲ့ဟာတွေသည် ကျန်တဲ့ဟာတွေသည်အကြောင်းပြချက်တွေသာဖြစ်တယ်။ ဒီအွန်လိုင်းလိမ်လည်မှုကို တိုက်ဖျက်တယ်တို့ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးဆိုတာ လိမ်လည်မှုတစ်ခုပဲဖြစ်တယ်။ သူတို့တကယ်လုပ်နေတာသည်၊ ကျွန်တော်ပြောခဲ့သလို ဖုန်-ရန်အရေးခင်း၊ ဖုန်ကြားရှင်နဲ့ ရန်မိုးလျန်တို့ကြားထဲက မိသားစုနှစ်ခုကြားထဲက အာဏာလုပွဲတွေ၊ အခုမှာလည်း ယခင်တုန်းက ကိုးကန့်ဒေသအုပ်ချုပ်ရေးမှာပါဝင်ခဲ့ဖူးတဲ့ ခေါင်းဆောင်လုပ်ခဲ့ဖူးတဲ့ ဦးပယ်စောက်ချိန်တို့အဖွဲ့နဲ့ မိသားစုချင်းရန်ငြိုးရန်စတွေပဲဖြစ်တယ်လို့ပြောချင်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးတော့ပြောချင်တာကတော့ MNDAA နဲ့ သူတို့မဟာမိတ်ဆိုတဲ့ အဖွဲ့တွေဟာ ဒီကိစ္စကို ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှာ နယ်မြေမငြိမ်မသက်ဖြစ်အောင် လုပ်ရုံသာမကဘဲနဲ့ ဒီကိစ္စမလုပ်ခင်မှာလည်း သုံးသပ်ရမယ်ဆိုရင် တရုတ်နိုင်ငံအစိုးရနဲ့ မြန်မာနိုင်ငံအစိုးရရဲ့ခုနပြောတဲ့ အွန်လိုင်းလိမ်လည်မှုကို ချေမှုန်းဖို့အတွက် ခိုင်မာစွာသန္နိဋ္ဌာန်ချထားတာကို လိမ္မာပါးနပ်စွာအသုံးချသွားတာပဲဖြစ်တယ်။ တရုတ်နိုင်ငံအစိုးရရဲ့ တရုတ်ပြည်သူတွေအပေါ်မှာ အလေးထားတဲ့ တရုတ်ပြည်သူတွေရဲ့ ရိုးသားပွင့်လင်းတဲ့ ခုနအွန်လိုင်းလိမ်လည်မှုအပေါ်မှာ ချေမှုန်းဖို့ သန္နိဋ္ဌာန်ချထားတဲ့ကိစ္စကို သူတို့အဖွဲ့အစည်းအကျိုး၊ MNDAA အဖွဲ့ အစည်းအကျိုးအတွက် အကွက်ချပြီးတော့ အသုံးချသွားတာဖြစ်တယ်။ ပြောရမယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ တရုတ်နိုင်ငံအစိုးရနဲ့ ပြည်သူလူထုရဲ့စိတ်ပိုင်းဆိုင်ရာ ခံစားချက်ကို ဒီကောင်တွေအနေနဲ့ ပြန်ပေးဆွဲအသုံးချတယ်လို့ပဲမြင်လို့ရတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံအစိုးရသည် နှစ်နိုင်ငံတာဝန်ရှိသူများ အကြိမ်ကြိမ်တွေ့ဆုံပြီးဖြစ်တယ်။ ဒီအွန်လိုင်းလိမ်လည်မှုနဲ့ပတ်သက်ပြီး ကျွန်တော်ပြောခဲ့သလိုပဲ တရုတ်ပြည်သူတွေချည်းပဲ နစ်နာတာမဟုတ်ဘူး။ မြန်မာနိုင်ငံပြည်သူတွေပါ နစ်နာတာဖြစ်တယ်။ ဒါပြင် ပါဝင်ပတ်သက်နေတဲ့ တချို့သော အိမ်နီးနာချင်းနိုင်ငံကပြည်သူတွေပါ နစ်နာခဲ့တာဖြစ်ပါတယ်။ ဒီနစ်နာမှုတွေဟာ တရုတ်နိုင်ငံအစိုးရကလုပ်တာလည်းမဟုတ်ဘူး၊ မြန်မာနိုင်ငံအစိုးရက လုပ်တာမဟုတ်ဘူး။ တရုတ်ပြည်သူတွေလုပ်တာမဟုတ်သလို မြန်မာနိုင်ငံပြည်သူတွေလုပ်နေတာလည်းမဟုတ်ဘူး။ ဒီရဲ့ တရားခံစစ်စစ်တွေသည် တရုတ်နိုင်ငံနဲ့အခြားသောနိုင်ငံတွေကရာဇဝတ်မှု၊ လိမ်လည်မှုတွေနဲ့ ထွက်ပြေးနေတဲ့ ပြည်ပြေးတွေက လက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ပူးပေါင်းပြီး တရုတ်ပြည်သူတွေကော မြန်မာပြည်သူတွေကောကို လိမ်လည်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောချင်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံဘက်ကနေပြီး သတင်းပေးပို့ထားတဲ့ နှိမ်နင်းရမယ့်နေရာတွေရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အနေနဲ့ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။

ဒါ့ပြင် ဒီနေ့မှာ နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနတွေမှာ လုံခြုံရေးအဖွဲ့တွေ ဖွဲ့စည်းနေတယ်ဆိုတဲ့ ဟာမျိုးတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေဖွဲ့စည်းနေတယ်ဆိုတဲ့ ဟာမျိုးတွေ ထွက်လာတာရှိပါတယ်။ ဒါဟာအချိန်ကိုက်ဝါဒဖြန့်မှုသာဖြစ်တယ်။ နေပြည်တော်မှာ ဘယ်လိုမျိုးရှိနေတယ်ဆိုတာ နေပြည်တော်မှာရှိနေတဲ့ လူတွေအားလုံးကိုမေးမြန်းစုံစမ်းလို့ရတယ်။ ဒီမှာ ဌာနဆိုင်ရာတွေလည်း သူ့လုပ်ငန်းကိုသူ အရှိန်မပျက်လုပ်ဆောင်နေတယ်။ ပြည်သူလူထုလည်း သူ့လုပ်ငန်းကို အရှိန်မပျက်လုပ်ဆောင်နေတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ကြီးပြကြီးအများစုမှာလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ မတည်ငြိမ်သေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီးက အချို့မြို့နယ်တွေ၊ ရခိုင်ပြည်နယ်အချို့မြို့နယ်တွေ၊ချင်းပြည်နယ်ထဲကအချို့မြို့နယ်တွေမှာပဲဒါတွေရှိတယ်လို့ လုံခြုံရေးအရ ဆောင်ရွက်နေရတာရှိတယ်လို့ ပြောချင်ပါတယ်။




ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာ နမ့်ခမ်း၊ တာမိုးညဲနဲ့ ဟိုပန်ဘက်မှာ MNDAA၊ TNLA အဖွဲ့တွေက လုံခြုံရေးတပ်စခန်းတွေကို Drop Bomb များ လာချတာတွေရှိပါတယ်။ လောက်ကိုင်နားလေးမှာ ချင်းရွှေဟော်ဘက် အထွက်မှာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့တာရှိပါတယ်။ဒီအပြန်အလှန်ပစ်ခတ်မှုသည် ခုနပြောတဲ့မြို့ရှောက်ချန်းတို့ တရားခံသုံးဦးကို တရုတ်နိုင်ငံဘက်မလွှဲပြောင်းခင်လေးမှာဖြစ်ခဲ့တာဖြစ်ပါတယ်။ လွိုင်ကော်မှာတော့ အကျဉ်းထောင်နားလေးမှာ တိုက်ပွဲဖြစ်ပွားခဲ့တာရှိတယ်။ ရန်သူအကျအဆုံးရှိစွာနဲ့ ပြန်လည်ဆုတ်ခွာသွားတယ်။ မိုးဗြဲနဲ့ ဒီမောဆိုးဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ရခိုင်ပြည်နယ်မှာတော့ ဒုံးညိုရဲစခန်း၊ ဒုံးညိုရဲစခန်းကတော့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်ခြားမှတ်တိုင် ဘီပီ-၄၆ ရဲ့ အရှေ့ဘက် ခမောင်းဆိပ်ရဲ့မြောက်ဘက်မှာရှိတာဖြစ်ပါတယ်။ အဲဒီမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ ရန်သူတွေ ဆုတ်ခွာသွားပါတယ်။ ပေါက်တောမှာတော့ ပေါက်တောနယ်မြေရဲစခန်းကို AA အဖွဲ့ဝင်ရောက်ခဲ့တာရှိတယ်။ ပြီးရင် သူတို့ဝါဒဖြန့်တာရှိတယ်။ ပေါက်တောတစ်မြို့လုံးကို ထိန်းချုပ်နိုင်ပြီဆိုပြီး ဝါဒဖြန့်တာရှိတယ်။ တပ်မတော်အနေနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးအဖွဲ့အနေနဲ့ ဒီနေ့ နေ့ခင်းပိုင်းမှာ ပေါက်တောကို ရောက်ရှိပါတယ်။ ရောက်ရှိသွားတဲ့အခါမှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရောက်ရှိတာနဲ့ ရန်သူများပြန်လည်ဆုတ်ခွာသွားခဲ့ပါတယ်။ ပေါက်တောကို ပြန်လည်ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။

ဒီနေရာမှာ ဒီနေ့ ကျွန်တော်ပြောချင်တာကတော့ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံအစိုးရနဲ့ပူးပေါင်းပြီး အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်လျက်ရှိပါတယ်။ ဒါ့ပြင် ဒီဒေသမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောသလို အဓိကဒီအွန်လိုင်းလိမ်လည်မှုဆိုတာ ခုနောက်ပိုင်းမှဖြစ်ပေါ်လာတဲ့အခြေအနေဖြစ်တယ်။ အဓိက အရင်းအမြစ်သည် အဲဒီဒေသမှာ တရားမဝင်စီးပွားရေးလုပ်ငန်းတွေ အထူးသဖြင့် တရားမဝင်စီးပွားရေးလုပ်ငန်းဆိုတဲ့နေရာမှာ မူးယစ်ဆေးဝါးလုပ်ငန်းပဲဖြစ်ပါတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းကနေ တရားမဝင်ငွေတွေရတယ်။ တရားမဝင်ငွေကနေပြီးတော့ မူးယစ်ဆေးဝါးလုပ်ငန်းကို ကာကွယ်ဖို့ လက်နက်ကိုင်အဖွဲ့အစည်းတွေဖွဲ့ကြတယ်။ ဒီလက်နက်ကိုင်အဖွဲ့အစည်းတွေဖွဲ့ကြပြီးမှ မူးယစ်ဆေးဝါးလုပ်ငန်းအပြင် ကျန်တဲ့ တရားမဝင်လုပ်ငန်းတွေပါဆက်လုပ်တယ်။ ဒါတွေကို ကာကွယ်ဖို့ထပ်ပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေတိုးချဲ့တယ်။ ဒီသံသရာသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကတည်းကတိုင် လည်ခဲ့တဲ့သံသရာဖြစ်ပါတယ်။ ဒီသံသရာကိုကျွန်တော်တို့ တိုက်ဖျက်ပစ်ရမှာဖြစ်ပါတယ်။ ဒီအဆိုးကျော့သံသရာကို တိုက်ဖျက်နိုင်မှ တရုတ်-မြန်မာနယ်စပ်ဒေသမှာ ငြိမ်းချမ်းမှာဖြစ်ပါတယ်။ ဒီအဆိုးကျော့သံသရာကိုအကယ်၍ မဖြတ်တောက်နိုင်သမျှကာလပတ်လုံး၊ မနှိမ်နင်းနိုင်သမျှကာလပတ်လုံးမှာ ဒီဟာတွေသည် တစ်နည်းတစ်ဖုံနဲ့ တိုးတက်လာတဲ့ခေတ်နဲ့အညီ နည်းလမ်းအသစ်တွေနဲ့ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံအနေနဲ့ ပူးပေါင်းဆက်ဆံရေး၊ ပူးပေါင်းဆက်သွယ်ရေး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်**

နိုဝင်ဘာ ၁၃ ရက် နံနက် ၇ မိနစ် ၅၀ ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များ ဖြင့် ပစ်ခတ်ခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာကြား သိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်ဝင်ရောက်စီးနင်းဖျက်ဆီးခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း(ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုန်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံး ဆိုင်ကယ်များရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD D1 အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် NCX Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Wuyaung Honda အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူတစ်ဦးက ကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့ကအဆိုပါမြို့ရှိ အေးစေတီကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့ကသံဃာတော် ၅၂ ပါး တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင်အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thiri Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅၂)ရပ်ကွက်နေ သီရိဝင်းကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ “NyeinNyein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကုန်းတန်းကျေးရွာနေ ငြိမ်းဝေမှူး(ခ)ကုလားကို မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “အရှင် ဝဏ္ဏသာမ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ တပ်ဦးဆုတောင်းပြည့်ဘုန်းကြီးကျောင်းနေ ဦးဇင်းဝဏ္ဏသာမိ (ခ) အောင်ရွှေဦးကို ညနေ ၅ နာရီတွင်လည်းကောင်း၊ “KairaNge” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ငယ်ငယ်အောင်နှင့် “HninEiWai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ နှင်းအိဝေတို့ကို ည ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည်နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဥပဒေအရအရေးယူနိုင်ရန် ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရားခံလေးဦးအနက် သုံးဦးကို ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွှဲပြောင်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ လူကိုသွေးဆောင်ဖြားယောင်းမှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကိုဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကိုကျူးလွန်နေသော Ming Xuechang (မြီရှောက်ချန်း)၊ Ming Guoping(မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)၊ Ming Julan (မြီကျွီလန်)နှင့် Ming Zhenzhen (မြီကျိန်းကျိန်း)တို့ကို ဥပဒေအရအရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်းကို သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

အဆိုပါ ဖမ်းဝရမ်းထုတ်ထားသူများအနက် Ming Xuechang(မြီရှောက်ချန်း)၊ Ming Guoping (မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)နှင့် Ming Zhenzhen (မြီကျိန်းကျိန်း)တို့ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ကို ဖမ်းဆီးစဉ် Ming Xuechang (မြီရှောက်ချန်း) သည် ၎င်းတရားမဝင်ကိုင်ဆောင်ထားရှိသည့် ပစ္စတိုသေနတ်ဖြင့် မိမိကိုယ်ကိုပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကြောင်းသိရှိရသည်။ အထက်ပါဖမ်းဆီးရမိသူများကို တရားဥပဒေအရအရေးယူနိုင်ရေးအတွက် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်း နယ်စပ်ဂိတ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပြီး Ming Xuechang (မြီရှောက်ချန်း) ၏ရုပ်အလောင်းကို တရုတ်နိုင်ငံဘက်သို့ယူဆောင်သွားခြင်းမရှိဘဲ လိုအပ်သည်များ စစ်ဆေးအတည်ပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း Online လိမ်လည်မှုများ၊ လူကိုသွေးဆောင်ဖြားယောင်းမှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်ခြင်းများပပျောက်စေရေး၊ ပါဝင်ပတ်သက်မှုများမရှိစေရေးတို့အတွက် သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့များက စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ်ဆက်သွယ်၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



Ming Guoping (မြီကော်ဖျင်း) (ခ)
Ming Xiaoping (မြီရှောက်ဖျင်း)



Ming Xuechang (မြီရှောက်ချန်း)



Ming Zhenzhen (မြီကျိန်းကျိန်း)

# ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဥပဒေအရအရေးယူရန် ဖမ်းဆရမ်းထုတ်ဆင့်ခြင်းသတင်းသည် သတင်းအမှားသာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

“ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ ယင်းအမှုများနှင့် ဆက်စပ်ကျူးလွန်သည့် လူကိုသွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသဖြင့် ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဥပဒေအရအရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားသည်” ဟူသည့်သတင်းမှာ သတင်းမှားသာဖြစ်ကြောင်းသိရှိရပြီး တရုတ်နိုင်ငံမှလည်း ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဖမ်းဝရမ်းထုတ်ဆင့်ထားခြင်းမရှိကြောင်း သတင်းရရှိသည်။

# မော်ရုံတောမှာ မြူးတဲ့ပန်း

ဖူးပွင့်နွယ်




(၁)

"ဖေဖေ မော်အောင်ဖို့ ဘုရားမှာ ဆုတောင်းပြီးပြီလား"ဟု ဘုန်းသန့်က တဲပေါ်တွင် ထမင်းကြော်စားရင်းမေးရာ-

"မိုးလင်းကတည်းက ဆုတောင်းထားပြီးပြီကွ။ မင်းပြောတာတောင် နောက်ကျနေသေးတယ်"ဟုပြောပြီး အိမ်တလင်းပြင်တွင် လည်ရှည်ဖိနပ်ကိုစီး၍ အလုပ်သို့ ထွက်သွားသည်။

တဲပေါ်ကနေ ဖေဖေ့ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်နေမိသည်။ အသက်ကိုးနှစ်ပြည့်တော့မည်။ ယခုချိန်ထိ ဘုန်းသန့် ကျောင်းမနေရသေးပါ။ ဖေဖေက မော်အောင်လျှင် ရွာပြန်ပြီးကျောင်းထားပေးမည်ဟု ဘုန်းသန့်တို့ မောင်နှမနှစ်ယောက်ကိုပြောထားသောကြောင့် ဖေဖေမော်အောင်မည့်နေ့ကိုစောင့်နေမိသည်။

ယခင်က ဘုန်းသန့်တို့မိသားစုက အုတ်ဖိုရွာလေးတွင်နေသည်။ ဖေဖေက ဆိုင်ကယ်ပြင်ဆိုင်လေးတစ်ဆိုင်ဖွင့်ထား၏။ မေမေက ရွာဈေးသေးသေးလေးတွင် ဟင်းသီးဟင်းရွက်ရောင်းသည်။ ညီမလေးသဲစုကို ဗိုက်ခွဲမွေးလိုက်သောကြောင့် ရှာသမျှ စုထားသည့်ပိုက်ဆံကုန်သွားသည်ဟု မေမေနှင့် ဖေဖေက ပြောသည်။ ညီမလေး သဲစုကိုမွေးပြီး သုံးလအကြာတွင် ရွာမြေတစ်ဝက်က စိုက်ပျိုးမြေယာဖြစ်သောကြောင့် ရွာတစ်ခြမ်းလုံးဖယ်ခိုင်းသည့်အထဲပါသွား၏။ အဖျက်ခံရသည့်အထဲတွင် ဘုန်းသန့်တို့မိသားစုနေသည့် အိမ်လေးပါသွားသည်။

"မိန်းမရယ် စိတ်ဓာတ်မကျပါနဲ့။ နောက်တော့ အလုပ်တွေ ကြိုးစားပြီး အိုးပိုင်၊ အိမ်ပိုင်လေးပြန်ဝယ်ကြမယ်ကွာ"

"ကိုဘမောင်ရယ် ကျွန်မတို့ချည်းဆို ဘယ်လိုနေနေရတယ်။ အခုဟာက ကလေးနှစ်ယောက်လဲရှိတော့ ကျွန်မတအားစိတ်ညစ်တယ်။ စားစရာမရှိတာက ရှာကျွန် အလုပ်လုပ်ပြီး ရှာစား၊ ဖွေစားလို့ရသေးတယ်။ နေစရာမရှိတာက ဘယ်မှာမှ တောင်းနေလို့မရဘူး"

အိမ်ဖျက်ခံရသောနေ့တွင် မညှာမတာမိုးမင်းကြီးက ရက်ရက်စက်စက်မိုးရွာချပစ်သည်။ မိုးရွာထဲတွင်မိသားစုလေးယောက် မိုးကာလေး မလုံတလုံဆောင်းပြီး လမ်းဘေးတွင်နေနေစဉ် အိမ်သို့ အမြဲလိုလို ဆွမ်းခံကြွသည့် ဘုန်းဘုန်းကတွေ့သွား၍ ဘုန်းကြီးကျောင်းကဇရပ်မှာ ခဏနေရန်ခေါ်လာသည်။ ဇရပ်ရောက်တော့ ဘုန်းသန့် နံနက်ကတည်းက ထမင်းမစားရသေး၍ ဗိုက်တအားဆာနေသည်။ လူတစ်ကိုယ်လုံးလည်း မိုးရေစိုရွှဲနေသည်။

"ကလေးငယ်တွေနဲ့ဆိုတော့ ဒကာတို့ နေစရာနေရာရမှပြန်ပြောင်းပေါ့။ လောလောဆယ်တော့ မိုးလုံ၊ လေလုံတဲ့ဒီဇရပ်လေးမှာနေကြပေါ့"

"တင်ပါ့ဘုရား။ တပည့်တော်ရဲ့ အမျိုးသမီးကလဲ မီးဖွားထားတာ မကြာသေးတော့ မိုးထဲ၊ လေထဲကြာကြာနေလို့ အဆင်မပြေဘူး။ အခုလို နေစရာလေးပေးနေလို့ ကျေးဇူးအများကြီးတင်ပါတယ်ဘုရား"

"အေးကွယ်။ ဘုန်းဘုန်းကိုကျေးဇူးတင်စရာမလိုပါဘူး။ ဒါနဲ့ ဒကာတို့မိသားစု ထမင်းကောစားပြီးပြီလား"

"မစားရသေးပါဘူးဘုရား"

"အေးအေး ဒါဆိုခဏနေ ဘုန်းကြီးကျောင်းသားနဲ့ ထမင်းဟင်းပေးလွှတ်လိုက်မယ်။ ဘုန်းဘုန်းလဲ ကျောင်းပေါ်မှာကိစ္စလေးရှိလို့ ပြန်ကြွအုံးမယ်။ လွတ်လွတ်လပ်လပ်နေကြ။ နေစရာရမှပြောင်းကြပေါ့ကွယ်"

"တင်ပါ့ဘုရား"

"တော်သေးတာပေါ့ ကိုဘမောင်ရယ်။ ကယ်တင်ရှင်ဘုန်းဘုန်း တွေ့သွားလို့သာပေါ့။ နို့မို့ဆို တစ်နေ့လုံး ကျွန်မတို့ မိုးရေထဲမှာနေနေရမှာ"

ညီမလေးကို နို့ချိုတိုက်လျက်မေမေပြောနေသည်။ မေမေ့စကားကို ဖေဖေက ဘာမျှပြန်မပြောဘဲ သက်ပြင်းချနေသည်။

(၂)

"မိန်းမ တို့တွေမိုင်းရှူးကိုသွားရအောင်။ သားနဲ့သမီးအနာဂတ်အတွက် ဒီအတိုင်းနေလို့မရဘူး။ စွန့်စားကြည့်မှရမယ်"

"သွားတာက ဟုတ်ပါပြီ ကိုဘမောင်ရယ်။ ကိုယ်မရောက်ဖူးတဲ့အရပ်ဒေသကို ဘယ်လိုသွားမလဲ"

"အဲဒီအတွက် စိတ်မပူနဲ့ ငါ့သူငယ်ချင်း ဖိုးစိန်တို့မိသားစုလဲ မိုင်းရှူးကိုသွားမယ်လို့ပြောတယ်။ ငါတို့မိသားစုကိုလဲ သူတို့နဲ့အတူ လိုက်ခဲ့ဖို့ခေါ်တယ်။ ဖိုးစိန်က ဟိုမှာအလုပ်လုပ်ဖူးတော့ ကြိုက်တဲ့နေရာ တဲထိုးနေလို့ရတယ်ပြောတယ်။ လုပ်ကွက်ဆိုက်တွေမှာလဲ နေ့စားနဲ့ဝင်လုပ်လို့ရသလို လခစားနဲ့လဲ ဝင်လုပ်လို့ရတယ်တဲ့။ အလုပ်တွေ တအားပေါတယ်ပြောတယ်။ ကံကောင်းလို့ ကျောက်အောင်ရင် ချက်ချင်းသူဌေးတောင်ဖြစ်သွားမှာတဲ့ဟ။ ဒီမှာနေပြီး နေ့စားလိုက်ဆင်းနေမဲ့အစား မိုင်းရှူးလိုက်သွားရင် ပိုပြီးအကျိုးရှိနိုင်တယ်"

"ကျွန်မတို့တွေ ဒီဇရပ်မှာချည်း အမြဲနေလို့မရဘူး။ သားနဲ့သမီးရဲ့အနာဂတ်ကလဲ ရှိသေးတယ်။ ကိုယ့်အိုး၊ ကိုယ့်အိမ်လေးနဲ့အခြေတကျပြန်ဖြစ်ဖို့ အိုးပိုင်၊ အိမ်ပိုင်လေးပြန်ဝယ်နိုင်အောင် မိုင်းရှူးကိုသွားကြတာပေါ့"

ဘုန်းကြီးကျောင်းကဇရပ်တွင် နှစ်လတိတိနေခဲ့ပြီး မိုင်းရှူးသို့ ဖေဖေ့သူငယ်ချင်း ဖိုးစိန်တို့မိသားစုဖြင့် လိုက်လာသည်။

"မိန်းမ အင်းလုပ်ကွက်ဆိုက်တွေက တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် စာချုပ်တွေနဲ့ဟ။ ပြီးတော့ အဲဒီဆိုက်လုပ်ကွက်ထဲမှာပဲ အိမ်မပြန်ဘဲနေရမှာဆိုတော့ အဆင်မပြေပါဘူးဟာ။ ကလေးနှစ်ယောက်နဲ့ မင်းကိုလဲ စိတ်မချဘူး"

"အဲဒါဆိုလဲ နေ့စားအနေနဲ့ ဝင်လုပ်ပေါ့ ကိုဘမောင်ရယ်"

"အင်းပါ။ အခြေအနေကို မီးစဉ်ကြည့်အလုပ်လုပ်ရမှာပဲ"

မိုင်းရှူးရောက်စက ဖေဖေနှင့်မေမေပြောခဲ့သည့်စကားကို ယခုချိန်ထိ ဘုန်းသန့်မှတ်မိနေသေးသည်။ နေ့စားအလုပ်ထက် ရေမဆေးကျောက်ရှာသည့်အလုပ်က ပိုကိုက်၍ ဖေဖေက နေ့စားအလုပ်မလုပ်တော့ပေ။ တောင်ကျချောင်းထဲတွင် ရေမဆေးကျောက်ရှာသည့်အလုပ်ကိုသာ တစိုက်မတ်မတ်လုပ်လာသည်။

တောင်ကျချောင်းတွင် ရေမဆေးကျောက်ရှာပြီး ကံကောင်းသွားသူများ၊ ကျောက်ကောင်းကောင်းရပြီး မော်အောင်ကာ ချက်ချင်းသူဌေးဖြစ်သွားကြသူများရှိသည်။ ဖေဖေကတော့ တစ်ခါလာလည်းထမင်းစားကျောက်၊ နှစ်ခါလာလည်း ထမင်းစားကျောက်သာရတတ်သည်။ သူများကဲ့သို့ မော်အချိုကြီးမအောင်ဖူးသေးပါ။

"ငါတို့လဲ တစ်နေ့နေ့ မော်အောင်နိုးနိုးနဲ့ ဒီမှာနေလာတာ အခုဆို သားဘုန်းသန့်တောင် ကိုးနှစ်ပြည့်နေပြီ။ ငါတို့ ရည်မှန်းထားသလိုဖြစ်မလာသေးတော့ သားနဲ့သမီးကိုလဲ ကျောင်းမထားရသေးဘူး။ အိုးပိုင်၊ အိမ်ပိုင်လေးလဲ မဝယ်နိုင်သေးဘူးဟာ။ မော်တစ်ခါလောက်တော့ အောင်ချင်တယ်ကွာ။ သားနဲ့သမီးကို ကျောင်းတအားထားပေးချင်နေပြီ။ ငါတို့ လင်မယားဘဝလို နေပူစပ်ခါးမှာအလုပ်လုပ်ပြီး ဝမ်းစာရှာစားနေရတဲ့ဘဝမျိုး သားနဲ့သမီးလေးကို မဖြစ်စေချင်ဘူး"ဟု ဖေဖေက မေမေ့ကို မကြာခဏပြောသည်။

"ဟုတ်ပါ့တော် ကျွန်မတို့တုန်းက မိဘတွေ မပြေလည်လို့ ကျောင်းမနေခဲ့ရဘူး။ သူများတွေ အဖြူအစိမ်းလေးတွေနဲ့ လွယ်အိတ်ကိုယ်စီလွယ်ပြီးကျောင်းသွားတာမြင်ရင် ကျွန်မလေ ကျောင်းသွားချင်လွန်းလို့ မိဘတွေမမြင်အောင် ခိုးငိုခဲ့ရတာ မှတ်မိနေသေးတယ်။ ကျွန်မပညာတတ်ကြီးမဖြစ်ခဲ့လို့ အခုကျွန်မမွေးထားတဲ့ သားနဲ့သမီးကို ပညာတတ်ကြီးဖြစ်စေချင်တယ်။ သူများခိုင်းဖက်မဖြစ်စေချင်ဘူး"ဟု မေမေကလည်း အသံပျော့ပျော့ဖြင့် ဖေဖေ့ကိုပြန်ပြောသေးသည်။

(၃)

ဘုန်းသန့်ထမင်းကြော်စားပြီး ကြောင်အိမ်ပေါ်က ရွှေရောင်ဗီးကွက်စုဘူးလေး နှစ်ဘူးကိုကြည့်နေမိသည်။ ဖေဖေ ရေမဆေးကျောက် ရောင်းရသည့်ပိုက်ဆံကို စားသောက်ရန်သာအသုံးပြုပြီး ကျန်သည့်ပိုက်ဆံအားလုံးကို ထိုစုဘူးနှစ်ဘူးထဲထည့်ထားသည်။ ပိုက်ဆံထည့်ပြီးလျှင် ထိုစုဘူးနှစ်ဘူးကို ဖေဖေက ကလေးငယ်တစ်ယောက်လို ရင်ခွင်ထဲထည့်ပြီး ပွေ့ဖက်ကာပြုံးနေတတ်သည်။ ထိုစုဘူးနှစ်ဘူးတွင် သားနှင့်သမီးကျောင်းထားပေးရန်ဟူ၍ ကွေ့ကောက်မညီမညာသောလက်ရေးဖြင့် ဖေဖေရေးထားသည်။

"မနက်ကတော့ နေတွေသာနေပြီး အခုကျတော့ သူမဟုတ်သလို မိုးတွေရွာချနေတယ်။ စိတ်ပူလိုက်တာ ကိုဘမောင်ရယ်"

နံနက်က နေပွင့်ပြီး ရာသီဥတုသာယာနေသော်လည်း ယခုမှ ရုတ်တရက်မိုးရွာချလာသည်။ မေမေက မိုးရွာလာသောကြောင့် ဖေဖေ့အတွက် စိတ်ပူနေသည်။ စိတ်မပူ၍လည်းမရ မိုးကြီးလျှင်တောင်ပေါ်မှ သစ်လုံးများနှင့်ကျောက်တုံးကြီးများ တောင်ကျရေနှင့်အတူ မျောပါလာတတ်သည်။ တောင်ကျရေ အလုံးလိုက်ဆင်းလာလျှင် လျင်မြန်လွန်းသည့်ကျားပင် မလွတ်နိုင်ကြောင်း ဖေဖေကပြောပြဖူးသည်။ တဲဘေးနားက ဦးလေးတစ်ယောက်လည်း တောင်ကျရေစီးလာသည်ကိုမသိ၍ ရေမဆေးကျောက်သာ အသည်းအသန်ငုံ့ရှာနေသောကြောင့် ရေလုံးနှင့်အတူ မျောပါလာသည့်သစ်လုံးရိုက်မိပြီး ဆုံးပါးသွားဖူးသည်။ ခဏခဏဖြစ်လေ့ဖြစ်ထရှိသော်လည်း ဖေဖေအပါအဝင် ရေမဆေးကျောက်ရှာသူအားလုံးက ထိုချောင်းထဲက ရေမဆေးကျောက်ကို ဝမ်းစာရေးအတွက် ရှာမြဲအတိုင်းရှာကြရသည်။ ထိုချောင်းက လူ့စိတ်ကို မလာလာချင်အောင် ဖမ်းစားနိုင်သည့် မော်ချောင်းဟုပင် တင်စားကြသည်။ မိုးနည်းနည်းစဲသွားမှ မေမေသက်ပြင်းချနေသည်။ တဲမှာမိုးမလုံသောကြောင့် ရှိသမျှခွက်များနှင့်ရေခံပြီးပြည့်လာလျှင် မေမေကအမြန်သွန်ပစ်နေသည်။ ညီမလေးသဲစုကလည်း တံခါးဘေးတွင် လက်ပိုက်၍ အပြင်က မိုးပေါက်ကလေးများကို ငေးကြည့်နေသည်။

"မေမေ မိုးစဲသွားပြီ ဖေဖေလဲပြန်မလာသေးဘူးနော်"

"ခဏနေ ပြန်လာမှာပေါ့ သဲစုရယ်။ မျှော်မနေနဲ့ အချိန်တန်ရင် ပြန်လာလိမ့်မယ်"ဟု ညီမလေးကို မေမေပြန်ဖြေနေသော်လည်း မေမေ့စိတ်ထဲမှာတော့ ဖေဖေပြန်မလာသေး၍ အလွန်စိတ်ပူနေသည့်အရိပ်အယောင်ကို ဘုန်းသန့်မြင်နေရသည်။ ဖေဖေပြန်လာမည့်လမ်းကို မေမေ စူးစူးစိုက်စိုက်ကြည့်နေသည်။

မိုးစဲပြီး သုံး၊ လေးနာရီကြာသည်ထိ ဖေဖေ ပြန်ရောက်မလာပေ။ ထိုင်နေရာမှ မေမေရပ်ပြီး တဲပြင်သို့ ရပ်ကြည့်နေသည်။ မေမေနှင့်နည်းတူ သူတို့မောင်နှမနှစ်ယောက်ကလည်း ထိုင်နေရာမှထ၍ ဖေဖေပြန်လာမည့်လမ်းကို မျှော်နေကြသည်။

(၄)

"အဟင့် ဟင့် အီး ဟီး မိဖြူဖွေးရေ ငါတို့တော့ ကိုယ်ကျိုးနည်းပါပြီဟဲ့။ နင့်ယောက်ျားနဲ့ ငါ့ယောက်ျား နှစ်ယောက်စလုံး တောင်ကျရေလာနေတာကို ချောင်းထဲကမတက်ဘဲ ကျောက်ကိုသာ သဲကြီးမဲကြီးရှာနေလို့ ရေလုံးနဲ့အတူပါသွားပြီတဲ့။ အခြားလူတွေက မိုးတစ်ပေါက်၊ နှစ်ပေါက်ကျကတည်းက ကုန်းပေါ်တက်ကြလို့ အသက်ဘေးကလွတ်သွားတယ်တဲ့။ အဟင့် အဟင့် အီး ဟီး။ ကျုပ်တို့တော့ အားကိုးစရာမရှိတော့ဘူး မိဖြူဖွေးရေ"

"သေချာလို့လား မညိုလုံးရယ်"

အသံတုန်တုန်ယင်ယင်နှင့် မေမေက မေးနေသည်။

"ဟုတ်လို့လား ဒေါ်ညိုလုံးကလဲဗျာ"

"ဟုတ်တယ် ဘုန်းသန့်ရဲ့ သူတို့နဲ့အလုပ်တူတူသွားလုပ်တဲ့သူက ပြောလာတာ။ အခု နင့်အဖေအလောင်းနဲ့ ငါ့ယောက်ျားအလောင်းကို မိုးတိတ်လို့သွားရှာကြပြီတဲ့"ဟု ဒေါ်ညိုလုံးက ပြောပြောပြီး အော်ငိုနေသည်။

စာမျက်နှာ ၂၅ သို့ ➤

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၉၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၉၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၉၂ ဧကကို ယခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမြေပဲများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည့်အရာများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဆက်စပ်အဖွဲ့များနှင့် ဒေသခံတောင်သူများ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒေသတွင် ဆီထွက်သီးနှံမြေပဲကို ပြည်သူတွေ ဆီစားသုံးမှုဖူလုံစေဖို့၊ ဘေးကင်းလုံခြုံတဲ့ဆီတွေစားသုံးနိုင်ဖို့၊ ဒေသနဲ့ နိုင်ငံတော်ရဲ့စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ဖို့အတွက် စိုက်ပျိုးတာဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲ စုစုပေါင်း ၂၇၉၂ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံမြေပဲတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေးညွှန်ကြားချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

"မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး။ မနက်ကတောင် ဖေဖေကမှော်အောင်ဖို့ ဘုရားမှာဆုတောင်းခဲ့သေးတယ်လေ"

ဘုန်းသန့်နားထဲ ဒေါ်ညိုလုံးပြောသည့်စကားကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။ တစ်ဆက်တည်း မျက်ဝန်းအိမ်က မျက်ရည်တပေါက်ပေါက်စီးကျလာသည်။

"အဟင့် အဟင့် ကိုဘမောင် ရှင်ပြောတော့ သားနဲ့သမီးလေးကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားချင်တယ်ဆို။ အခုတော့ ရှင်ဒီအတိုင်းထွက်သွားရလား။ အဟင့် ဟင့် အီး ဟီး ဟီး"

တဲရှေ့တွင် မေမေ့ငိုသံနှင့် ဒေါ်ညိုလုံး ငိုသံများဖြင့် ဆူညံနေသည်။

"ဖေဖေ သားတို့ကို အခုလိုထားခဲ့လို့မရဘူးလေ။ အဟင့် အဟင့် ဖေဖေ သားကျောင်းနေချင်တယ်လို့ နောက်မပြောတော့ပါဘူး။ ဖေဖေ ပြန်လာခဲ့ပါ။ ဟီး အီး ဟီး အဟင့် အဟင့် ဖေဖေရေ ဖေဖေ"

"အဟင့် အဟင့် ဖေဖေရေ သမီးနောက်ကို မုန့်စားချင်တယ်လို့ မပူဆာတော့ပါဘူး။ ဖေဖေပြန်လာပါတော့"

(၅)

ကိုဘခက်တဲသို့ပြန်လာတော့ ငိုသံကို တနင့်ခပ်လှမ်းလှမ်းမှာကတည်းက ကြားနေသည်။ ထို့ကြောင့် ခြေလှမ်းကျဲကျဲဖြင့်လျှောက်ကာ တဲအရှေ့သို့ အမြန်လာမိသည်။ တဲရှေ့မြေပြင်တွင် သားအမိသုံးယောက်စလုံး မြေပြင်တွင်လူးလိမ့်ပြီး ငိုနေကြသည်ကိုမြင်လိုက်ရ၍ ဘာများဖြစ်သလဲ ရင်ထိတ်သွားသည်။

"ဟင်း ဒီသားအမိဘာလို့ အဲ့လောက်ထိ ရှိုက်ကြီးတငင်ငိုနေလဲ။ ဘာများဖြစ်ကြတာလဲ။ ဘေးတဲနားကတစ်ယောက်ယောက်များသေလို့ ငိုနေတာလား"

ကိုဘမောင်ဝတ်ထားသည့် အဝတ်အစားများ ရေစိုရွှဲနေသည်။

"မိန်းမဘာဖြစ်လို့ အခုလောက်ထိငိုနေတာလဲ။ ကြည့်စမ်းပါအုံး သားနဲ့ သမီးကလဲငိုနေလိုက်တာ မျက်လုံးတွေနီရဲနေပြီကွာ။ ဘာဖြစ်လို့ ငိုနေကြတာလဲ"

ကိုဘမောင်မိန်းမအနားသို့သွားပြီး ပြောလိုက်သော်လည်း မိန်းမလုပ်သူက ဘာမျှပြန်မပြောလာပါ။ သူပြောသည့်စကားကိုလည်း ကြားပုံမပေါ်ပေ။ သားအမိသုံးယောက်စလုံး ငိုမြဲအတိုင်းငိုနေသည်။

"မိန်းမ ငါမေးနေတယ်လေကွာ"

မိန်းမ၏လက်မောင်းကို ကိုင်ကြည့်လိုက်တော့ လေဟာနယ်လိုလက်က လေထဲမှာလွင့်နေပြီး အသားချင်းထိမရပေ။ မိန်းမလုပ်သူကိုကိုင်မရ၍ သားနှင့်သမီးကိုတစ်လှည့်စီကိုင်ကြည့်လိုက်တော့လည်း ထိုနည်းတူ ကိုင်တွယ်မရပေ။ ခဏအကြာ လူတချို့က တဲရှေ့သို့ လူတစ်ယောက်ကို အဝတ်ပုခက်လုပ်ပြီး ထမ်းလာကြသည်။ ထိုလူအားလုံး မျက်နှာမကောင်းပေ။ ပုခက်ထဲကလူကိုကြည့်ပြီး သားအမိသုံးယောက်စလုံးက ငိုနေကြသည်။ ကိုဘမောင်စိတ်ထဲ ဘယ်သူဘာဖြစ်သလဲ သိချင်လာ၍ ပုခက်ထဲသို့လှမ်းကြည့်လိုက်တော့ ထိုအရာက သူကိုယ်တိုင်ဖြစ်နေသည်။

"ဟင် ငါက ဒီမှာလေ" ပါးစပ်အဟောင်းသားဖြစ်ပြီး ကိုဘမောင်နောက်သို့ယိုင်သွားကာ ခြေတစ်လှမ်းဆုတ်မိသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း လက်နှစ်ဖက်နှင့်ပါးပြင်ကို ပြန်စမ်းကြည့်နေမိသည်။ အေးစက်စက်အထိအတွေ့ကြောင့် အံ့အားသင့်နေမိသည်။

"ဟာ ငါသေသွားတာလား။ ဒါဆို . . ."

မိုးလေးတဖြောက်ဖြောက်သာကျနေသေးသောကြောင့် ကုန်းပေါ်သို့ အခြားသူများတက်သွားကြသည်။ ကိုဘမောင်ကုန်းပေါ် မတက်ချင်သေး၍ ကျောက်ကိုသာရေထဲတွင်အားစိုက်ပြီး ဆန်ခါနှင့်စစ်ရာနေသည်။ ထိုစဉ် နီနီရဲရဲကျောက်တစ်လုံးက ဆန်ခါထဲပါလာသည်။

ဝမ်းသာအားရယူကြည့်လိုက်တော့ ကျောက်အရည်အသွေးက အတော်လေးကောင်းပြီး အလွန်လည်းသန့်နေသည်။ ခန့်မှန်းခြေ သိန်း ရှစ်ထောင်၊ ကိုးထောင်ခန့် တန်ဖိုးရနိုင်သည့် ကျောက်အမျိုးအစားဖြစ်သည်။

"ငါဟ မှော်အောင်ပြီကွ။ ဒီတစ်ခါတော့ သားနဲ့သမီးကိုလဲ ကျောင်းထားပေးနိုင်တော့မယ်။ အိုးပိုင်၊ အိမ်ပိုင်းလေးလဲ ဝယ်နိုင်တော့မယ်ကွ" ဟု ကိုဘမောင်တစ်ကိုယ်ကြားစာလေးပြောလိုက်သည်။ အိပ်မက်က မကြာခင် လက်တွေ့ဖြစ်လာတော့မှာမို့ ထိုကျောက်ကလေးကိုကြည့်ပြီး ပီတိဖြာနေသည်။ ထိုကျောက်ကိုလက်ထဲဆုပ်ကိုင်လိုက်ပြီး ချောင်းထဲကနေ ကုန်းပေါ်တက်ရန် ခြေထောက်ကာအလှမ်း တောင်ကျရေက အလုံးလိုက်ဆင်းအလာ ရေလုံးကရိုက်ချပြီး ကိုဘမောင်ရေလုံးနှင့်အတူ မျောပါသွားသည်။ လူလည်း ထိုခဏအတွင်းမှာ လေဟာနယ်ထဲရောက်သွားသလို ခံစားလိုက်ရသည်။ ထိုသို့ ဖြစ်ပျက်သွားသော်လည်း လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ကျောက်နီနီလေးတစ်လုံးကို လွတ်ကျမသွားအောင် အသေအချာဆုပ်ထားမိသည်။

(၆)

မိဖြူဖွေး အလောင်းကိုဖက်ငိုနေစဉ် ကျစ်ကျစ်ပါအောင်ဆုပ်ထားသည့်လက်တစ်ဖက်ကို သတိထားမိသွားသည်။ သေသည်ထိ ဘာကြောင့် လက်တစ်ဖက်ကဖြန့်ပြီး ကျန်တစ်ဖက်က လက်သီးအသေဆုပ်ထားလဲ သိချင်စိတ်ဖြစ်လာ၍ ထိုလက်ကိုကိုင်ပြီး ဖြန့်ကြည့်လိုက်မိသည်။ လက်ထဲ၌ နီနီရဲရဲကျောက်တစ်လုံးကိုတွေ့လိုက်ရသောကြောင့် မိဖြူဖွေးမျက်ရည်တောက်တောက်ကျလာသည်။

"ကိုဘမောင် ရှင်တာဝန်ကျေပါတယ်။ အဟင့် အဟင့် အီး ဟီး။ ရှင့်အသက်နဲ့လဲပြီး ကျွန်မတို့သားအမိသုံးယောက်အတွက် ပေးဆပ်ခဲ့တယ်။ စိတ်ချပါ ကိုဘမောင်၊ ရှင့်သားနဲ့သမီးကို ကျွန်မပညာတတ်ကြီးဖြစ်အောင် ကျောင်းထားပေးပါ့မယ်လို့ ကတိပေးပါတယ်"

လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားသည့် ကျောက်နီနီလေးကို မိန်းမလုပ်သူက ယူကြည့်ပြီး မျက်ရည်များစီးကျလျက်ပြောနေသည်။ မိန်းမလက်ထဲသို့ ကျောက်နီနီလေးရောက်သွား၍ ရင်ထဲကအလုံးလည်းကျသွားပြီး ကိုဘမောင်သက်ပြင်းချလိုက်သည်။

နောက်ဆုံးအနေဖြင့် သားနှင့်သမီး၏ မျက်နှာလေးကိုအားရအောင်ကြည့်ပြီး ကိုဘမောင် မျက်ရည်စီးကျနေမိသည်။ ငိုသံများကို ထပ်ပြီး ဆက်မကြားဝံ့တော့၍ ရင်နာနာဖြင့် တဲနားကနေ အဝေးကိုပြေးထွက်သွားပါတော့သည်။

## ဖေးမမေတ္တာ အကြင်နာ

\- အတိတ်ကို မေ့ထားလျက်
ရှေ့ကိုဆက် ခရီးနှင်လေ၊
ရည်ရွယ်ရာ အရောက်လှမ်း
ကြိုးပမ်းကြစေ၊
အနာဂတ် အချိန်တွေ
အမှန်ပေ ဖြတ်ကျော်ထား၊
ပစ္စုပ္ပန် အချိန်တိုင်းသို့
မရိုင်းစေသား။

\- ကာလရယ် ထိုသုံးပါး
တို့အများ မှတ်ကြစေ၊
အချိန်သည် လူ့တန်ဖိုး
မြတ်နိုးပါလေ၊
အကျိုးရှိရှိ အသုံးချနေ
ကမ္ဘာမြေ အလှဆင်ထား၊
ကောင်းပင်ကို စိုက်ကာပျိုးလို့
မညှိုးစေသား။

\- ပစ္စုပ္ပန် အလှတရား
အချိန်အား ကောင်းမွန်ပေ၊
မနာလို မုန်းတီးမှု
ရှေးရှုရှောင်လေ၊
လူလူချင်း ဖေးမစေ
မေတ္တာတွေ ပေးဝေထား၊
အကြင်နာ လက်ကိုကမ်းလို့
(အိုကွယ်)
ကြိုးပမ်းစေသား။ ။

**ဇေဂျမ်းရွာကျောင်းအိုသား**

# လှိုင်းဘွဲ့မြို့နယ် ကမော့ကချုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကမော့ကချုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့်အဖွဲ့၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကမော့ကချုံကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကမော့ကချုံကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ကမော့ကချုံကျေးရွာရှိ အိမ်ထောင်စု ၂၄၄ စု၊ လူဦးရေ ၁၁၁၉ ဦးတို့ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# အလျင်အမြန်ပြောင်းလဲဖြစ်ပေါ်နေသော အင်ဒို-ပစိဖိတ်ဒေသတွင် အာဆီယံ၏အခန်းကဏ္ဍ




(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယခုနှစ်စက်တင်ဘာ ၄ ရက်မှ ၇ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ကျင်းပခဲ့သည်။ ၎င်းအာဆီယံထိပ်သီးဆွေးနွေးပွဲသို့ အမေရိကန်၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျ၊ တောင်ကိုရီးယားနှင့်အခြားနိုင်ငံများမှဆွေးနွေးဖက်ကိုယ်စားလှယ်များနှင့်အတူ အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။

တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နှင့်ဖိလစ်ပိုင်တို့ကြား တင်းမာမှုများ မြင့်တက်နေချိန်တွင် အဆိုပါ ထိပ်သီးဆွေးနွေးပွဲကိုကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဧပြီလတွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် အမေရိကန်ကို ဖိလစ်ပိုင်တွင် စစ်အခြေစိုက်စခန်းလေးခု ထပ်မံတိုးချဲ့တည်ဆောက်ရန်ခွင့်ပြုခဲ့သည်။ ထိုသို့ဆုံးဖြတ်ပြီးနောက် တောင်ပစိဖိတ်သို့ အမေရိကန်၏ အင်အားတိုးချဲ့လာမှုအပါအဝင်ဒေသတွင်း၌ နိုင်ငံရေး၊ သံတမန်ရေးနှင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ မြင့်တက်လာခဲ့သည်။ ထို့ပြင် အမေရိကန်နှင့်တရုတ်တို့သည် ဆော်လမွန်ကျွန်းစုနှင့်ပါပူဝါနယူးဂီနီတို့တွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ လုပ်ဆောင်လာခဲ့သည်။

အမေရိကန်သည် ဂျပန်၊ ဩစတြေးလျတို့နှင့်အတူ ဩဂုတ် ၂၄ ရက်တွင် ဖိလစ်ပိုင်အနောက်ဘက်ပိုင်းရှိ တောင်တရုတ်ပင်လယ်တွင် ရေတပ်စစ်ရေးလေ့ကျင့်မှုများ စတင်လုပ်ဆောင်ခဲ့ပြီး လေးနိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ဆွေးနွေးခဲ့ကြသည်။ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံပေါင်းစုံလုံခြုံရေးဆိုင်ရာ တိုးတက်မှုများတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်သည် အင်ဒိုနီးရှားတပ်မတော်အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆွေးနွေးရန် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘန်တိုနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် အမေရိကန်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူ၊ ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့၏ စစ်ဘက် Super Garuda Shield ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်လေ့ကျင့်လျက်ရှိသည်။ ၎င်းတို့က အဆိုပါစစ်ရေးလေ့ကျင့်မှုကို လွတ်လပ်သောအင်ဒို-ပစိဖိတ်ဒေသအတွက် ကာကွယ်စောင့်ရှောက်ရန် နိုင်ငံပေါင်းစုံ၏ ခိုင်မာအားကောင်းသော စည်းလုံးမှုကိုပြသခဲ့သည်။

အင်ဒို-ပစိဖိတ်ဒေသတွင် အင်အားယှဉ်ပြိုင်မှုမြင့်တက်လာသောကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အဆိုပါလှုပ်ရှားမှုအပေါ် တုံ့ပြန်မှုနှင့် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။ တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ အာဆီယံ၏အာရုံစူးစိုက်မှုကို အင်ဒို-ပစိဖိတ်ဒေသ ပြန်လည်ဖွဲ့စည်းမှုမူဘောင်အတွင်းသို့ထည့်သွင်းသွားလိုသော ဆန္ဒရှိနေသည်။ ထို့ပြင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစား ဒုတိယသမ္မတ ကာမာလာဟားရစ်ကို အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အိမ်ဖြူတော်၏ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အင်ဒို-ပစိဖိတ် မဟာဗျူဟာတွင် အာဆီယံ၏အရေးပါသောအခန်းကဏ္ဍကို အမေရိကန်အနေဖြင့် မည်သို့ရှုမြင်ထားသလဲဆိုသောမေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။ အလားတူ အာဆီယံဒေသတွင်းနှင့်အနီးပတ်ဝန်းကျင်တွင် တင်းမာမှုများမြင့်တက်လာလျက်ရှိသောကြောင့် အာဆီယံအနေဖြင့် ၎င်း၏အခန်းကဏ္ဍကို မည်သို့ဆက်လက်ထိန်းသိမ်းသွားမလဲဆိုသော မေးခွန်းများထွက်ပေါ်လာလျက်ရှိသည်။

၁၉၇၆ ခုနှစ်ကတည်းက ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သောအာဆီယံသည် ပြင်ပအဖွဲ့အစည်းများ၏ဝင်ရောက်စွက်ဖက်မှုမခံသလို အဖွဲ့ဝင်နိုင်ငံများ၏ပြည်တွင်းရေးကိုလည်း ဝင်ရောက်စွက်ဖက်ခြင်းမရှိဆိုသောမူဝါဒကို စွဲမြဲစွာဆုပ်ကိုင်ထားသည်။ မကြာသေးမီကဖြစ်ပွားခဲ့သော အမေရိကန်နှင့်တရုတ်တို့၏လှုပ်ရှားမှုများအပြင် မြန်မာ၊ ဖိလစ်ပိုင်နှင့် တောင်တရုတ်ပင်လယ်တို့တွင် ဖြစ်ပွားခဲ့သောအခြေအနေများသည် အာဆီယံ၏ မူဝါဒများကို စိန်ခေါ်လျက်ရှိသည်။

အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် ဥရောပနိုင်ငံများသည် နိုင်ငံတကာဥပဒေအောက်တွင် လွတ်လပ်စွာ ရေကြောင်းသွားလာမှုအဖြစ်သဘောထားနေသည့်အချိန်တွင် တရုတ်နိုင်ငံကမူ ထိုသို့လုပ်ဆောင်မှုကို ဝင်ရောက်စွက်ဖက်မှုနှင့်အေးချမ်းလုံခြုံမှုများကို ခြိမ်းခြောက်မှုများအဖြစ် ပြစ်တင်ဝေဖန်ပြောဆိုလျက်ရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင် အာဆီယံအနေဖြင့်အဖွဲ့ဝင်နိုင်ငံများ၏ အရေးနှင့်စပ်လျဉ်း၍ ဘုံသဘောတူညီချက်များလိုအပ်သည်။

အာဆီယံသည် တောင်တရုတ်ပင်လယ်ဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်ကို ချမှတ်နိုင်ခြင်းမရှိသေးပေ။ ၎င်းကျင့်ဝတ်သည်အဖွဲ့ဝင်နိုင်ငံများ၏ တရားဥပဒေ၊ စီးပွားရေးနှင့်နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများကို ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အထူးစီးပွားရေးဇုန် Economic Exclusive Zone (EEZ) ကိုကာကွယ်ရာတွင် စည်းလုံးညီညွတ်မှုမရှိ သည့်အတွက် အရေးပါသောလုံခြုံရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများကို ခြိမ်းခြောက်ခံရလျက်ရှိသည်။ အာဆီယံအနေဖြင့် အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် နယ်ရုပ်တစ်ခုအဖြစ်အသုံးချမခံရစေရန်အတွက် စည်းလုံးညီညွတ်မှုပြသရန် လိုအပ်လာပြီဖြစ်သည်။

NATO အဖွဲ့ဝင်များနှင့်အိန္ဒိယအပါအဝင်ဒေသတွင်း၌ မဟာအင်အားကြီးနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုမြင့်တက်လာခြင်းသည် ပထဝီနိုင်ငံရေးဆိုင်ရာနယ်ပယ်ကို ပိုမိုရှုပ်ထွေးလာစေခဲ့သည်။ အိန္ဒိယသည် အာဆီယံတွင်လုံခြုံရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိပြီး ဗီယက်နမ်ရေတပ်ကို EEZ နှင့် စပရတ်တလီကျွန်းစုများကို ကာကွယ်ရေးတွင် အရေးပါသောစစ်လက်နက်ပစ္စည်းများ ပံ့ပိုးကူညီပေးလျက်ရှိသည်။ လွန်ခဲ့သောသီတင်းပတ်ကပင်ဖိလစ်ပိုင်နှင့် အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့တို့သည် နှစ်နိုင်ငံတပ်ဖွဲ့များကြား ပင်လယ်ရေကြောင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။

အာဆီယံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာပဋိပက္ခတွင် ခြိမ်းခြောက်မှုစင်မြင့်ဖြစ်လာသော အင်ဒို-ပစိဖိတ်ဒေသတွင် အဓိကအခန်းကဏ္ဍမှ ရပ်တည်နိုင်ရန်ကြိုးပမ်းသွားရန်လိုအပ်ပေသည်။ အာဆီယံဘုံသဘောတူညီချက်၊ ဝင်ရောက်စွက်ဖက်မှုမရှိခြင်းနှင့်အာဆီယံဗဟိုပြုမှုတို့သည် မျက်မှောက်ကာလစိန်ခေါ်မှုများကို ဖြေရှင်းနိုင်စွမ်းရှိသလားဆိုသော မေးခွန်းထွက်ပေါ်လာလျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြင်ပအင်အားကြီးနိုင်ငံများ၏ ဖိအားပေးမှုကိုပိတ်ဆို့တားဆီးနိုင်စွမ်းမရှိသလို စီးပွားရေး၊ လူမှုရေးနှင့်လုံခြုံရေးဆိုင်ရာဖိအားများကိုလည်း တွန်းလှန်နိုင်စွမ်းမရှိသေးပေ။ သို့သော် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်မည်ဆိုလျှင် ပြင်ပဖိအားများကို တွန်းလှန်ဖယ်ရှားသွားနိုင်မည်ဖြစ်သည်။ အာဆီယံအသင်းကြီးအတွင်း သဘောထားကွဲလွဲခြင်းသည် ပြင်ပအင်အားကြီးနိုင်ငံများကို အဖွဲ့ဝင်နိုင်ငံများ

**❖ အာဆီယံအတွင်း လက်ရှိဖြစ်ပေါ်နေသော ပြဿနာများအတွက် လွယ်ကူသောအဖြေများရှိမည် မဟုတ်သော်လည်း အင်ဒို-ပစိဖိတ်ဒေသ၏ ပြန်လည်ချိန်ညှိမှုသည် အာဆီယံအသင်းကြီးအတွက်မူ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုအတွက် အခြေခံအုတ်မြစ်များအသုံးချနိုင်ရေးအခွင့်အလမ်းများ ကမ်းလှမ်းလျက်ရှိသည်။ အာဆီယံ၏ သွေးစည်းမှုသည်အသင်းကြီး၏ ရေရှည်အကျိုးစီးပွားများ အောင်မြင်မှုရရှိရေးအတွက် အလားအလာကောင်းသော အထောက်အကူလက်သုံးကိရိယာပင်ဖြစ်သည်။ ❖**

အပေါ် ဖိအားပေးဆောင်ရွက်ရန် ခွင့်ပြုပေးသည့်သဘောသက်ရောက်လျက်ရှိသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများလိုအပ်လာပြီဖြစ်ပေသည်။ သဘောထားကွဲလွဲပြီး အင်အားချည့်နဲ့လာခြင်းသည် အာဆီယံအသင်းကြီးကို ပထဝီနိုင်ငံရေးဆိုင်ရာ နယ်ပယ်များတွင် အရေးပါသောအခန်းကဏ္ဍမှ ဆောင်ရွက်နိုင်ခွင့်နည်းပါးလာစေမည်ဖြစ်သည်။

ထို့ကြောင့် အင်အားကြီးနိုင်ငံများ၏ ဖိအားပေးမှုကို ထိရောက်စွာတုံ့ပြန်နိုင်ရေးအတွက် အာဆီယံအသင်းကြီး၏ စည်းလုံးညီညွတ်မှုကို ပြသသွားရန်လိုအပ်ပေသည်။ အာဆီယံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားကို မဟာဗျူဟာမြောက် နိုင်ငံရေးဆိုင်ရာအနေအထားအဖြစ် အသုံးချနိုင်ရေးအတွက် အာဆီယံအနေဖြင့် ၎င်းရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် ယန္တရားတစ်ရပ် ဖွဲ့စည်းသွားရန် လိုအပ်ပေသည်။

အာဆီယံ၏ ပြည်သူသန်း ၆၈၀ ကျော်သည် အရေးပါသော ကမ္ဘာ့စီးပွားရေးဈေးကွက်ကို ကိုယ်စားပြုလျက်ရှိသည့်အပြင် စစ်မှန်သောအာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် တစ်ခုတည်းသောဈေးကွက်ဖော်ဆောင်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်လျက်ရှိသည်။

နိုင်ငံရေးရှုထောင့်အရကြည့်မည်ဆိုလျှင် အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့်အခြားသောအင်အားကြီးနိုင်ငံများသည် အာဆီယံအသင်းကြီးကို ဆွေးနွေးဖက်မိတ်ဖက်နိုင်ငံများအဖြစ် အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် တရုတ်နှင့်အမေရိကန်တို့အနေဖြင့်လည်း အင်ဒို-ပစိဖိတ်ဒေသတွင်ပိုမိုလှုပ်ရှားလာလျက်ရှိသဖြင့် အာဆီယံအနေဖြင့် အဆိုပါမဟာအင်အားကြီးနှစ်နိုင်ငံ၏ လှုပ်ရှားမှုများကိုအခွင့်အလမ်းတစ်ရပ်အဖြစ် အမိအရ ဆုပ်ကိုင်သွားရန် လိုအပ်သည်။

အာဆီယံအတွင်း လက်ရှိဖြစ်ပေါ်နေသော ပြဿနာများအတွက် လွယ်ကူသောအဖြေများရှိမည် မဟုတ်သော်လည်း အင်ဒို-ပစိဖိတ်ဒေသ၏ပြန်လည်ချိန်ညှိမှုသည် အာဆီယံအသင်းကြီးအတွက်မူ ငြိမ်းချမ်းမှုနှင့်လုံခြုံမှုအတွက် အခြေခံအုတ်မြစ်များအသုံးချနိုင်ရေးအခွင့်အလမ်းများ ကမ်းလှမ်းလျက်ရှိသည်။ အာဆီယံ၏ သွေးစည်းမှုသည်အသင်းကြီး၏ ရေရှည်အကျိုးစီးပွားများအောင်မြင်မှုရရှိရေးအတွက် အလားအလာကောင်းသော အထောက်အကူလက်သုံးကိရိယာပင်ဖြစ်သည်။ ခိုင်မာအားကောင်းပြီး လွတ်လပ်ပွင့်လင်းသည့် သွေးစည်းညီညွတ်သော အာဆီယံသည်ဘက်လိုက်ရပ်တည်ရေးအင်အားကြီးနိုင်ငံများ၏ ဖိအားပေးဆောင်ရွက်မှုများကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။ အာဆီယံ၏ ပထဝီနိုင်ငံရေးဆိုင်ရာနယ်ပယ်သည် အင်ဒို-ပစိဖိတ်ဒေသပဋိပက္ခများကို ကြားဝင်စေ့စပ်ဆောင်ရွက်ရာ၌ အရေးပါသော အုတ်မြစ်အဖြစ်သယ်ပိုးနိုင်မည့်အပြင်ဒေသတွင်း အေးချမ်းမှုနှင့်လုံခြုံမှုတို့ကိုလည်း တိုးမြှင့်သွားနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အာဆီယံအသင်းကြီးအနေဖြင့် ပြောင်းလဲဖြစ်ပေါ်နေသော အင်ဒို-ပစိဖိတ်ဒေသတွင် အရေးပါသောအခန်းကဏ္ဍမှ ရပ်တည်နိုင်ရေးအတွက် သွေးစည်းညီညွတ်မှုပြသရန် အချိန်တန်နေပြီဖြစ်ပေသည်။

**ကိုးကား**

- **Can ASEAN Find a Role in the Rapidly Evolving Into-Pacific Reconfiguration?By The Diplomat.**

**ဝင်းဇင်(သုတေသန)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၇၁၉၂ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံသီးနှံ ၁၂၇၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ပဲစင်းငုံသီးနှံ ၁၄၇၆၄၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၂၇၁၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ကန့်ဘလူခရိုင်မှာ ပဲစင်းငုံသီးနှံဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် ပဲစင်းငုံသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဧက ၁၁၅၆၆၀၊ ကျွန်းလှမြို့နယ်တွင် ၁၁၅၃၂ ဧက စုစုပေါင်း ၁၂၇၁၉၂ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၁၃၆၁၃၅ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၁၅၁၂ ဧက စုစုပေါင်း ၁၄၇၆၄၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် လက်သဲကြိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်သဲကြိုးကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် လက်သဲကြိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့် အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# စနေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက ခြေစစ်ပွဲအောင်မြင်ဖို့ ရမှတ်လိုအပ်နေတဲ့ ဝေးလ်အသင်း၊ နယ်သာလန်အသင်း၊ အစ္စရေးအသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ်စနေနေ့ညမှာတော့ အမှတ်ပေးပြိုင်ပွဲတွေရပ်နားပြီး နိုင်ငံတကာပွဲစဉ်တွေ ကစားသွားမှာဖြစ်ပါတယ်။ အဲဒီထဲက ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေဟာ ခြေစစ်ပွဲပြီးဆုံးတော့မှာဖြစ်လို့ တိုက်ရိုက်ဝင်ခွင့်ရရေးအတွက် အချို့အသင်းတွေအနေနဲ့ အစွမ်းကုန်ကြိုးစားရမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ လက်ရှိမှာတော့ ပြင်သစ်၊ အင်္ဂလန်၊ ဘယ်လ်ဂျီယံ၊ သြစတြီးယား၊ တူရကီ၊ ပေါ်တူဂီတို့ဟာ ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညမှာ ကစားမဲ့ ခြေစစ်ပွဲစဉ်တွေထဲက နောက်တစ်ဆင့်တက်ရောက်ဖို့ မျှော်လင့်ချက်ရှိနေပြီး အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုသာ အဓိကထား ရွေးချယ်သွားရမှာပါ။

## ဝေးလ်အသင်းကို အားပေးရမှာပါ

ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အာမေးနီးယားနဲ့ ဝေးလ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အုပ်စု (D) မှာ တူရကီ၊ ခရိုအေးရှား၊ လက်ဗီးယားအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကို တွေ့ရမှာပါ။ အာမေးနီးယားအသင်းကတော့ ခြောက်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ်ခုနစ်မှတ်ရယူနိုင်ခဲ့လို့ အဆင့်(၄) မှာရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ လက်ကျန်နှစ်ပွဲကို အနိုင်ရခဲ့ရင်တောင် ခြေစစ်ပွဲအောင်ဖို့ ဝေးကွာနေဆဲဖြစ်ပါတယ်။ လက်ရှိအဆင့်(၁) မှာ ရောက်နေတဲ့ တူရကီက ရမှတ် ၁၆ မှတ်ရထားပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့သေချာနေတာကြောင့် ခြေစစ်ပွဲတစ်နေရာအတွက် ဝေးလ်၊ ခရိုအေးရှားတို့သာ ရဖို့ရာခိုင်နှုန်းပိုများနေတာကို တွေ့ရမှာပါ။ လက်ရှိ အာမေးနီးယားအသင်းကို ဥရောပကလပ်အသင်းငယ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပြီး ခြေစွမ်းပိုင်းကလဲ ကျဆင်းသွားတာကြောင့် အဆုံးအဖြတ်ပွဲစဉ်ကစားမယ်ဆိုရင်တော့ ဝေးလ်အသင်းကို ယှဉ်ဖို့မလွယ်ပါဘူး။

ဝေးလ်အသင်းဟာ အခုအုပ်စုမှာ ခြောက်ပွဲကစားအပြီး ရမှတ် ၁၀ မှတ်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၂) မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်နဲ့ ချန်ပီယံရှစ်ကလပ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် လျင်မြန်မှုရှိသလို ကစားအားကလဲ ပွဲချိန်ပြည့်ကျဆင်းသွားတာမရှိပါဘူး။ သူတို့အသင်းဟာ အခုအုပ်စုမှာ အကောင်းဆုံးဖြစ်တဲ့ ခရိုအေးရှားအသင်းကို နှစ်ကျော့စလုံးမရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းကလဲ အားရစရာဖြစ်ပြီး အဲဒီခြေစွမ်းအတိုင်းကစားမယ်ဆိုရင် အခုပွဲစဉ်မှာ အာမေးနီးယားအသင်းကိုနိုင်ဖို့မခက်ပါဘူး။ အခုပွဲစဉ်ဟာလဲ ဝေးလ်အသင်းအတွက် ရေကုန်ရေခန်းကစားရမဲ့ ပွဲစဉ်ဖြစ်နေပြီး အာမေးနီးယားကို အနိုင်ရမှသာ လက်ကျန်ဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှင်သန်မှာဖြစ်ပါတယ်။ ဝေးလ်အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ၂၀၁၆ ခုနှစ်က စတင်ကစားခွင့်ရခဲ့ပေမဲ့ အဲဒီနောက်ပိုင်း ဆက်တိုက်ဝင်ခွင့်ရခဲ့တဲ့အသင်းဖြစ်တာကြောင့် အခုပွဲစဉ်မှာလဲ အာမေးနီးယားကို အနိုင်ကစားပြီး ခြေစစ်ပွဲအောင်မြင်ဖို့ ကြိုးစားလာမဲ့ ဝေးလ်အသင်းကိုပဲ အားပေးရမှာပါ။။

**အာမေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာမေးနီးယား | ၂ | - | ၁ | လက်ဗီးယား |
| တူရကီ | ၁ | - | ၁ | အာမေးနီးယား |
| အာမေးနီးယား | ၀ | - | ၁ | ခရိုအေးရှား |
| လက်ဗီးယား | ၂ | - | ၀ | အာမေးနီးယား |
| မြောက်မက်ဆီဒိုးနီးယား | ၃ | - | ၁ | အာမေးနီးယား |

**ဝေးလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တူရကီ | ၂ | - | ၀ | ဝေးလ် |
| ဝေးလ် | ၀ | - | ၀ | တောင်ကိုရီးယား |
| လက်ဗီးယား | ၀ | - | ၂ | ဝေးလ် |
| ဝေးလ် | ၄ | - | ၀ | ဂျီဘရော်တာ |
| ဝေးလ် | ၂ | - | ၁ | ခရိုအေးရှား |

## နယ်သာလန်အသင်း အနိုင်ပြတ်သားမှာပါ

စနေနေ့ညမှာကစားမဲ့ ယူရိုခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နယ်သာလန်အသင်းနဲ့ အိုင်ယာလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ အခုအုပ်စုမှာ ပြင်သစ်၊ ဂရိ၊ အိုင်ယာလန်၊ ဂျီဘရော်တာတို့နဲ့ ကျရောက်ခဲ့ပေမဲ့ ကစားပုံတည်ငြိမ်မှုမရှိခဲ့လို့ ခြေစစ်ပွဲအောင်ဖို့အတွက် ဂရိအသင်းနဲ့ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေစစ်ပွဲ ခြောက်ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၂ မှတ်ရခဲ့ပေမဲ့ အဆင့် (၃) က ဂရိနဲ့ ရမှတ်တူနေတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရမှသာ တိုက်ရိုက်ဝင်ခွင့်ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ အစဉ်အလာကောင်းတဲ့ အသင်းကြီးတစ်သင်းဖြစ်ပြီး ချန်ပီယံဆုတစ်ကြိမ်နဲ့ တတိယဆုတစ်ကြိမ်ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ လက်ရှိနည်းပြ ကိုးလ်မန်း လက်ထက်မှာတော့ အသင်းကြီးနဲ့ဆို ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ကြိုးစားနေရပါတယ်။ အခုပွဲစဉ်မှာလဲ ခြေစစ်ပွဲအောင်သွားတဲ့ ပြင်သစ်ကို နှစ်ကျော့စလုံးရှုံးခဲ့တာကလွဲရင် ကျန်အသင်းတွေကိုတော့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ကျန်ပွဲစဉ်တွေကလဲ အိုင်ယာလန်၊ ဂျီဘရော်တာအသင်းတို့နဲ့ဖြစ်တာကြောင့် သူတို့အသင်းအနေနဲ့ ကစားကွက်ပိုင်းအသာနဲ့ နိုင်ပွဲရှာနိုင်မှာဖြစ်လို့ တိုက်ရိုက်ဝင်ခွင့်ရဖို့ သေချာနေတာကို တွေ့ရမှာပါ။

အိုင်ယာလန်အသင်းဟာ အခုပြိုင်ပွဲမှာ ရမှတ်ခြောက်မှတ်သာ ရရှိခဲ့တာကြောင့် အဆင့်(၄) မှာရပ်တည်နေပြီး တိုက်စစ်ပိုင်းက ကိုးဂိုးနဲ့ ခံစစ်ပိုင်းက ကိုးဂိုးခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းကိုတော့ ပရီးမီးယားလိဂ်နဲ့ ချန်ပီယံရှစ်ကလပ်အသင်းတွေက ကစားသမားတွေနဲ့ စုဖွဲ့ထားပေမဲ့ ထိပ်တန်းအဆင့်ကစားသမားမျိုး ပါဝင်ခြင်းမရှိတာကြောင့် ကစားအားကောင်းတဲ့ အသင်းတွေနဲ့ဆို အမြဲတမ်းရှုံးနိမ့်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြ ကန်နီကတော့ ၃-၄-၂-၁ ကစားကွက်နဲ့ ပြိုင်ပွဲတိုင်းကို ပွဲထွက်လေ့ရှိပြီး အသင်းကြီးတွေဖြစ်တဲ့ ပြင်သစ်၊ နယ်သာလန်၊ ဂရိတို့နဲ့ ပွဲစဉ်တွေမှာ နှစ်ဂိုး ဂိုးမရှိရှုံးခဲ့တာကလွဲရင် ခံစစ်ပိုင်းက ပေးဂိုးနည်းခဲ့ပြီး တိုက်စစ်ကလဲ ဂိုးပြန်သွင်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ ခြေစစ်ပွဲအောင်ဖို့မျှော်လင့်ချက်မရှိတော့ပေမဲ့ နယ်သာလန်အသင်းကို ခံစစ်အားပြုကစားပြီး အခက်တွေ့အောင်လုပ်ဖို့ ပြင်ဆင်လာနိုင်ပါတယ်။ အိုင်ယာလန်အသင်းဟာ ယူရိုသမိုင်းမှာလဲ ၁၉၈၈၊ ၂၀၁၂၊ ၂၀၁၆ ခုနှစ်တွေမှာသာ ခြေစစ်ပွဲအောင်ခဲ့ပြီး အမြင့်ဆုံး ၁၆ သင်းအဆင့်သာ တက်ရောက်နိုင်ခဲ့တာကြောင့် အတွေ့အကြုံနဲ့ ကစားသမားစုဖွဲ့မှုအပိုင်းမှာ သာလွန်နေတဲ့ နယ်သာလန်ကိုတော့ ဂိုးပြတ်မရှုံးနိုင်အောင်သာ ကစားရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရဖို့ကြိုးစားလာမဲ့ နယ်သာလန်အသင်းပဲ အနိုင်ပြတ်သားသွားမှာပါ။

**နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၂ | - | ၃ | အီတလီ |
| နယ်သာလန် | ၃ | - | ၀ | ဂရိ |
| အိုင်ယာလန် | ၁ | - | ၂ | နယ်သာလန် |
| နယ်သာလန် | ၁ | - | ၂ | ပြင်သစ် |
| ဂရိ | ၀ | - | ၁ | နယ်သာလန် |

**အိုင်ယာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုင်ယာလန် | ၃ | - | ၀ | ဂျီဘရော်တာ |
| ပြင်သစ် | ၂ | - | ၀ | အိုင်ယာလန် |
| အိုင်ယာလန် | ၁ | - | ၂ | နယ်သာလန် |
| အိုင်ယာလန် | ၀ | - | ၂ | ဂရိ |
| ဂျီဘရော်တာ | ၀ | - | ၄ | အိုင်ယာလန် |

## အစ္စရေးအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ယူရို ခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အစ္စရေးအသင်းနဲ့ ရိုမေးနီးယားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အစ္စရေးအသင်းကတော့ ခုနစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၁ မှတ်ရရှိခဲ့ပါတယ်။ အစ္စရေးအသင်းဟာ လက်ကျန်ပွဲအဖြစ် ကစားခဲ့ရတဲ့ ကိုဆိုဗိုနဲ့ပွဲစဉ်မှာ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်နည်းသွားခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ရိုမေးနီးယားနဲ့ပွဲကို အနိုင်ရခဲ့ရင် ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးရလာမှာဖြစ်ပြီး ရိုမေးနီးယားကလဲ အစ္စရေးနဲ့ ပွဲစဉ်ပြီးရင် ဆွစ်ဇာလန်နဲ့ ပွဲကျပ်ကစားရမှာဖြစ်တာကြောင့် အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် အရေးကြီးနေတာကို သတိပြုရမှာပါ။ ဒါကြောင့် အစ္စရေးအသင်းဟာ အခုပွဲစဉ်မှာ နိုင်ပွဲရှာနိုင်ဖို့ သေချာနေပြီး ရိုမေးနီးယားကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ရိုးမေးနီးယားအသင်းဟာ အခုအုပ်စုမှာ ရှစ်ပွဲကစားအပြီး လေးပွဲနိုင်၊ လေးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးပွဲမရှိခဲ့တာကြောင့် ရမှတ် ၁၆ မှတ်နဲ့ အဆင့်(၁) မှာရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ လက်ကျန်နှစ်ပွဲမှာ အစ္စရေး၊ ဆွစ်ဇာလန်တို့နဲ့ ကစားရမှာဖြစ်လို့ နှစ်သင်းစလုံးရှုံးနိမ့်ခဲ့ရင် ခြေစစ်ပွဲက လှည့်ပြန်ရဖို့များပါတယ်။ သူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုကလဲ ဥရောပကလပ်အသင်းငယ်တွေမှာ ကစားနေတဲ့ ကစားသမားတွေဖြစ်တာကြောင့် အစ္စရေးနဲ့ပွဲမှာ တိုက်စစ်ပိုင်း ဂိုးမရခဲ့ရင်တော့ ရှုံးပွဲကြုံသွားနိုင်ပေမဲ့ သူတို့အသင်းဟာ သရေတစ်မှတ်ရရင် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ သေချာနေတဲ့အတွက် ခံစစ်အားပြုကစားလာမလားဆိုတာ စောင့်ကြည့်သွားရမှာပါ။ ရိုးမေးနီးယားအသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ခြေစစ်ပွဲငါးကြိမ်ထိ အောင်မြင်ခဲ့တယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် နောက်ထပ် ခြေစစ်ပွဲအောင်မြင်ဖို့အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ အစ္စရေးကို သရေကစားနိုင်ရင် ခြေစစ်ပွဲအောင်ဖို့သေချာပေမဲ့ အဝေးကွင်းမှာ တိုက်စစ်က ဂိုးရဖို့ရုန်းကန်နေရတာကြောင့် အစ္စရေးတိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင် ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားလာမဲ့ အစ္စရေးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အစ္စရေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလာရုစ် | ၁ | - | ၂ | အစ္စရေး |
| အစ္စရေး | ၂ | - | ၁ | အန်ဒိုရာ |
| ရိုမေးနီးယား | ၁ | - | ၁ | အစ္စရေး |
| အစ္စရေး | ၁ | - | ၀ | ဘီလာရုစ် |
| ကိုဆိုဗို | ၁ | - | ၀ | အစ္စရေး |

**ရိုမေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၂ | - | ၂ | ရိုမေးနီးယား |
| ရိုမေးနီးယား | ၁ | - | ၁ | အစ္စရေး |
| ရိုမေးနီးယား | ၂ | - | ၀ | ကိုဆိုဗို |
| ဘီလာရုစ် | ၀ | - | ၀ | ရိုမေးနီးယား |
| ရိုမေးနီးယား | ၄ | - | ၀ | အန်ဒိုရာ |

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ငရုတ် ၄၇၉၁ ဧကကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါငရုတ်သီးနှံများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အတွင်း ငရုတ်သီးနှံတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ် ဆောင်းငရုတ်သီးနှံတွေ စိုက်ပျိုးရာမှာ ဈေးကွက်ဝင် အထွက်နှုန်းကောင်းပြီး ဒေသရာသီဥတု မြေအနေအထားနဲ့ကိုက်ညီတဲ့ သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ငရုတ်သီးနှံကအစ မျိုးကောင်းမျိုးသန့်တွေကို စနစ်တကျ ရွေးချယ် စိုက်ပျိုးလာတာတွေ့ရပါတယ်။ ငရုတ်စိုက်တောင်သူတွေ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေး၊ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်းသီးနှံတွေမစိုက်ခင် ကြိုတင်စီမံဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် စိုက်ပျိုးသွားမည့် ငရုတ်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်၍ တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ်၌ ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရေနံချောင်း နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ချိုင်း-သပြေစမ်းကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ချိုင်း-သပြေစမ်းကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက မြေနီလမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါချိုင်း-သပြေစမ်းကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၂၁၇၆ သန်းဖြင့် United Life Co., Ltd က ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ချိုင်းကျေးရွာနှင့် သပြေစမ်းကျေးရွာရှိ အိမ်ခြေ ၄၃၆ အိမ်၊ လူ ၂၀၃၆ ဦးတို့၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များအတွက် လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးက ပြောပြ၍ သိရသည်။

**ကျော်ဦး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၂၈၆၀ |
| 95 Ron | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၂၀၅ | ၂၂၁၀ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၈၅ | ၂၀၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၃၀၉၀ |
| HSD (50 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၈၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၉၉ |
| 95 Ron | ၂၁၄၂ | ၂၂၁၈ |
| HSD (500 ppm) | ၂၀၃၈ | ၂၁၀၈ |
| HSD (50 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (10 ppm) | ၂၁၄၁ | ၂၂၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထွန်းကားပြ၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မည်သည့်ကိစ္စမဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ကိစ္စရပ်တွေ အားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ ဦးဆောင်မှု၊ လူရဲ့ လိုက်နာဆောင်ရွက်မှု၊ လူရဲ့ ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။


**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

## အားကောင်းသောမုန်တိုင်းငယ် နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် **(Deep Depression)**သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်၊ မောင်တောမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၂၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၄၀ ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက်

**စာမျက်နှာ ၁၈ ကော်လံ ၁ ◯**




## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ




ပဲခူးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး
ဥသီမ်သူ
ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
Online Easy Ticket, Go - Auto Ticket

ရန်ကုန် –
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ရွာ - ရေနံ
ဟုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု